မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်၊ ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၅)၊ အမှတ်(၁၂၅)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

သင်တန်းကရရှိသည့် အတွေ့အကြုံ၊ အသိအမြင်များကို လက်တွေ့လုပ်ငန်းများ၌အကျိုးရှိရှိအကောင်အထည်ဖော် မိမိနယ်မြေဒေသအကျိုး သယ်ပိုးဆောင်ရွက်ရင်း အရည်အသွေးပိုမိုတိုးတက်အောင်ဆည်းပူးလေ့လာ ပြည်ပမီဒီယာများက နည်းပညာ ဖွံ့ဖြိုးတိုးတက်ကွာဟမှုကို အခွင့်ကောင်းယူပြီး မဟုတ်မမှန် ဝေဖန်ပြောဆို ရေးသားထုတ်လွှင့်နေသည်ကို ပကတိဖြစ်ရပ်မှန်သိရှိစေရန်ဆောင်ရွက်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အခြေခံသတင်းစာပညာသင်တန်းအမှတ်စဉ်(၃)ဆင်းပွဲကျင်းပ



ရန်ကုန် ဖေဖော်ဝါရီ ၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံသတင်းစာပညာသင်တန်း အမှတ်စဉ်(၃)ဆင်းပွဲကို ယနေ့နံနက် ၇ နာရီခွဲက ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်ခန်းမဆောင်၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

အဆိုပါ သင်တန်းဆင်းပွဲသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးဇော်မင်း၊ အတွင်းရေးမှူးများနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ သင်တန်းနည်းပြများ၊ အသင်းဌာနချုပ်မှ တာဝန်ရှိသူများ၊ ဒေသရေးရာညှိနှိုင်းရေးမှူးများ၊ သင်တန်းသား သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပူးပေါင်းအကောင်အထည်ဖော်

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက သင်တန်းဆင်းအမှာစကားပြောကြားရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို မဏ္ဍိုင်ပြုပြီး အမျိုးသားရေးတာဝန်ထမ်းဆောင်မည့် မျိုးဆက်သစ်လူငယ်များအား ရည်မှန်းချက်(၅)ရပ်၊ အခြေခံမူ(၅)ရပ်၊ ကတိသစ္စာ(၄)ချက်၊ ကျင့်ဝတ်(၁၁)ပါး၊ တာဝန်ဝတ္တရား(၁၄)ချက်ဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ အသင်းဝင်များအနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်၏အေးချမ်းတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေကြောင်း။

အသင်းကြီး၏ စီမံရေး၊ စည်းရုံးရေး၊ လေ့ကျင့်ရေးများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရင်း နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေး လက်တွေ့ကျသောအကျိုးပြုလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့်အတွက် အသင်းကြီး၏ရပ်တည်ချက်၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များသည် လူငယ်များအတွင်း၊ ပြည်သူများအတွင်း စိမ့်ဝင်ပျံ့နှံ့ယုံကြည်သက်ဝင်ပြီး အသင်းကြီးနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လာကြကြောင်း၊ လူတန်းစားအလွှာစုံ၊ နယ်ပယ်စုံ၊ ကဏ္ဍစုံက အသင်းဝင်အင်အား တိုးတက်များပြားလာပြီး ခိုင်မာတောင့်တင်းသည့် အမျိုးသားရေးအင်အားစုကြီးအဖြစ် ရပ်တည်ပြီး အမျိုးသားရေးတာဝန်များကို ဆောင်ရွက်နေပြီဖြစ်ကြောင်း။

လက်တွေ့ဆောင်ရွက်

၎င်းသင်တန်းတွင် မီဒီယာလုပ်ငန်းစိတ်ဝင်စားပြီး အလားအလာရှိသည့် အသင်းဝင်လူငယ်များကို စုစည်းပြီး ယုံကြည်ချက်၊ ခံယူချက်မြင့်မားခိုင်မာစေရန်၊ မီဒီယာထိုးစစ်များအပေါ် ပြန်လည်ထိုးနှက်ချေပနိုင်စေရန် နယ်မြေအလိုက် ပြည်သူများ၏ဆန္ဒ၊ တွေ့ကြုံနေရသည့်အခက်အခဲ၊ ဖြစ်ပေါ်နေသည့် အခြေအနေမှန်များကိုသိရှိပြီး ကူညီဆောင်ရွက်နိုင်စေရန်၊ မဟုတ်မမှန်ထိုးနှက်ချက်များ၊ ကောလာဟလများ တန်ပြန်ချေဖျက်နိုင်စေရန် လူကဲခတ်နည်း၊ လူထုလူတန်းစားအလွှာနယ်ပယ်အလိုက် စည်းရုံးဆောင်ရွက်သွားရေး ဝါဒဖြန့်ချိရေးနည်းနိသယဖြင့် သတင်းအရေးပါမှု၊ သတင်းအစီရင်ခံရေး၊ သတင်းအသုံးပြုရေး၊ သတင်းလုံခြုံရေး ဆွေးနွေးပို့ချခဲ့ကြောင်း၊ ကင်မရာ၊ ဗီဒီယိုရိုက်ကူးခြင်းနှင့် လေ့လာရေးခရီးစဉ် လေ့လာရေးဆောင်းပါးရေးသားခြင်းကို လက်တွေ့ဆောင်ရွက်စေခဲ့ကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ ✳

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်)

ကျေးလက်ဒေသဖွံ့ဖြိုးရေး ကြိုးပမ်းအားထုတ် လယ်ယာကဏ္ဍတိုးတက်ရေး ခြစည်းရိုးကြက်ဆူပင်များတိုးချဲ့စိုက်ပျိုး

ရောဝတီတိုင်းသည် စိုက်ပျိုးရေးနှင့်ပတ်သက်၍ နိုင်ငံတော်ကအားထားရသည့် တိုင်းဖြစ်သည်။ နိုင်ငံ့ စပါးကျီလည်း ဖြစ်သည်။ ရောဝတီတိုင်း၏ စိုက်ပျိုးမှုကောင်းလျှင်ကောင်းသကဲ့သို့ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ထိရောက်စွာ အထောက်အကူပြုမည်ဖြစ်သည်။

ရောဝတီတိုင်း၏ မိုးစပါးစိုက်ပျိုးမှု တစ်ခုတည်းကိုကြည့်ပါက ဧက၃၆သိန်းကျော်ရှိသဖြင့် တစ်နိုင်ငံလုံး မိုးစပါးစိုက်ပျိုးမှု၏ ၂၅ရာခိုင်နှုန်းကျော်ခန့်ရှိသည်။ သုံးနှစ်အတွင်း ရော်ဘာဧက တစ်သိန်း၊ ခြစည်းရိုး ကြက်ဆူပင်ဧကငါးသိန်း ပြည့်မီအောင် စိုက်ပျိုးရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် ရောဝတီတိုင်းအနေဖြင့် မိမိ၏ စိုက်ပျိုးထုတ်လုပ်မှုကို မြင့်မားတိုးတက်နေအောင် အမြဲတမ်း အားထုတ်ကြိုးပမ်းနေရန် လိုအပ်သည်။ ယင်းသို့ ကြိုးပမ်းအားထုတ်ရာတွင် ခေါင်းဆောင်မှု အပိုင်း၏ အခန်းကဏ္ဍမှာ အရေးကြီးပေသည်။ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် နိုင်ငံ့ဝန်ထမ်းများ၏ ခေါင်းဆောင်မှုကောင်းလျှင်ကောင်းသကဲ့သို့ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်မည် ဖြစ်သည်။

စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ကိုင်ဆောင်ရွက်ရာ၌ စက်သုံးဆီမလုံလောက်၍ စိုက်ဧကပြည့်မီအောင် မစိုက်ပျိုးနိုင်ခြင်းမျိုးမဖြစ်ရအောင် တီထွင်ကြံဆကြိုးပမ်းနေကြရမည်ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဇန်နဝါရီလ၃၀ရက်နေ့က ပုသိမ်မြို့ အနောက်တောင်တိုင်းစစ်ဌာနချုပ် ဧည့်ရိပ်သာ၌ တပ်မတော်အရာရှိကြီးများ၊ ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ပုသိမ်၊ ဟင်္သာတ၊ မြောင်းမြ၊ မအူပင်နှင့်ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက-

"ယခုအခါ ခြစည်းရိုးကြက်ဆူပင်မှနေ၍ ဒီဇယ်ဆီအစားထိုးသုံးစွဲနိုင်သည့် ဇီဝဒီဇယ်ဆီကို လွယ်လွယ်ကူကူ ထုတ်လုပ်အသုံးပြုနိုင်ပြီဖြစ်၍ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ခြစည်းရိုးကြက်ဆူပင်များကို အောင်မြင်အောင် ဖိဖိစီးစီးတိုးချဲ့ စိုက်ပျိုးသွားကြရမှာ ဖြစ်ကြောင်း၊ နောင်တစ်နှစ်ကျော် နှစ်နှစ်ခန့်ဆိုလျှင် မိမိတို့ပြည်တွင်းမှ စိုက်ပျိုးထုတ်လုပ်သော ဇီဝဒီဇယ်ဖြင့် သီးထပ်စိုက်ပျိုးရေးကို အပြည့်အဝ လုပ်ကိုင်နိုင်တော့မှာ ဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာပင် မိမိတို့နိုင်ငံ၏ ပေါကြွယ်ဝသော မြေသယံဇာတများကို အပြည့်အဝ ဖော်ထုတ်အသုံးချနိုင်အောင် ကြိုးပမ်းကြရန်လိုကြောင်း"

လမ်းညွှန်မှာကြားခဲ့သည်။

နိုင်ငံ့ဝန်ထမ်းများနှင့် တောင်သူလယ်သမားများပူးပေါင်း၍ သီးနှံစိုက်ဧကတိုးချဲ့ခြင်း၊ သီးနှံအလိုက် တစ်ဧကအထွက်နှုန်းတိုးတက်စေခြင်း၊ သီးထပ်စိုက်စွမ်းအား မြှင့်တင်ခြင်းတို့ဖြင့် လယ်ယာကုန်ထုတ်လုပ်မှု အခြေအနေကို တိုးတက်သည်ထက်တိုးတက်အောင် လုပ်ကိုင်သွားကြရမည် ဖြစ်သည်။

ရောဝတီတိုင်းရှိ မြေသယံဇာတများကို ထိရောက်စွာ အသုံးချနိုင်ရေး ဆက်လက်အားထုတ် ကြိုးပမ်းသွားကြရန် လိုပေသည်။

နိုင်ငံ့ဝန်ထမ်းများသည် ကြိုးစားပမ်းစား အလုပ်လုပ်ကြရန် လိုအပ်သကဲ့သို့ မိမိတို့၏ ခေါင်းဆောင်မှု အရည်အချင်းကိုလည်း မြင့်မားနေအောင် ပြုစုပျိုးထောင်ကြရန်လိုပေသည်။ ကျေးလက် ဒေသအထိ ကွင်းဆင်းပြီး ကျေးလက်နေပြည်သူများ၏လူနေမှုဘဝအဆင့်အတန်း မြင့်မားတိုးတက်လာ စေရန် ရှေ့ဆောင်ရှေ့ရွက်ပြု ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းအားထုတ် လုပ်ဆောင်သွားကြရမည်ဖြစ်သကဲ့သို့ တောင်သူလယ်သမားများအနေဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက် ရေးအတွက် ခြစည်းရိုးကြက်ဆူပင်များကို အောင်မြင်အောင် ဖိဖိစီးစီး တိုးချဲ့စိုက်ပျိုးသွားကြရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရွှေဟောင်း စိန္တာမုနိစေတီကြီးစေတီတော် အာရုံခံတန်ဆောင်းအတွက် အလှူငွေပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၁

ညောင်ဦးမြို့နယ်စဥ့်ကူမြို့ မြို့ကုန်းရပ်ကွက်ရှိ သမိုင်းဝင် ဘုရားတော်မြင့် စိန္တာမုနိစေတီကြီးစေတီတော်ကြီးတွင် ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀အဖွဲ့(အင်းစိန်)ကကြီးမှူး၍ အများကောင်းမှု ၉၉၀၀ အာရုံခံတန်ဆောင်းတော်ကြီးနှင့် ရန်ကုန်မြို့ ရွှေဘုံသာလမ်းနေ ဦးစိုးသိန်း-ဒေါ်ခင်နှင်းရီ သားသမီး၊ မြေးတစ်စုက လှူဒါန်းသည့်ငွေ ကျပ် ၁၈၀၀၀၀၀ တန် ဆွမ်းချက်ဆောင် ပန္နက်တော်တင်ပွဲနှင့် လေးထပ်ဘုန်းတော်ကြီးကျောင်း အဝီစိရေတွင်း တူးဖော်ခြင်း၊ စဥ့်ကူမြို့ ဈေးတန်းရပ်ကွက်နေ ဦးကျော်အုန်း-ဒေါ်စိန်ရင်တို့အား ရည်စူး၍ ကျန်ရစ်သူ သမီး ဒေါ်ဝင်းကြည်နှင့်မောင်ညီမတစ်စုက ၉၉၀၀ အာရုံခံတန်ဆောင်း ဘုရားဆောင်နှင့် ပလ္လင်ပါ ကြေးဆင်းတုတော်အတွက် အလှူငွေကျပ်၁၈သိန်း ပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၁၂ရက်က ဘုရားရင်ပြင်တော်နှင့် လေးထပ်ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ မန္တလေးတိုင်း သံဃာ့ဝန်ဆောင် စဥ့်ကူငါးဆူတိုက်ကျောင်း ပဓာန နာယက သီရိပရဝမ္မောစရိယဝိနယ၊ပါဠိပါရဂူဘဒ္ဒန္တမဏ္ဍလလင်္ကာရနှင့် ဩဝါဒါစရိယ ဆရာတော်များ၊ ဆီမီး ၉၉၀၀ အဖွဲ့ နာယက ဦးစိုးဝင်း (စဥ့်ကူစိုးဝင်း)၊ စဥ့်ကူ ရဲစခန်းမှူး ရဲအုပ်ကျော်စိုးနှင့် တပ်ဖွဲ့ဝင်များ၊ မိသားစုများ၊ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးလှမော်နှင့် အဖွဲ့ဝင်များ၊ ဘုရား၊ရဟန်း၊ ကျောင်း၊ သိမ်၊ဇရပ်၊ ဒါယကာကြီးဦးပေါ်လာ(စိန်ရွှေရတနာကုန်သည်)နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

လက်ခံရယူ

အခမ်းအနားတွင် စဥ့်ကူမြို့ ဈေးတန်းရပ်ကွက်နေ ဦးကျော်အုန်း-ဒေါ်စိန်ရင်တို့အား ရည်စူး၍ သမီး ဒေါ်ဝင်းကြည်နှင့် မောင်ညီမတစ်စုက စိန္တာမုနိစေတီကြီးစေတီတော် ဆီမီး ၉၉၀၀ အာရုံခံတန်ဆောင်း ဘုရားကြီးဆောင်နှင့်ပလ္လင်ပါကြေးဆင်းတုတော်အတွက် အလှူငွေကျပ်၁၈သိန်း ပေးအပ်လှူဒါန်းရာ ဘုရားဒါယကာကြီး ဦးပေါ်လာ၊ ဆီမီး၉၉၀၀အဖွဲ့ နာယက ဦးစိုးဝင်း (စဥ့်ကူစိုးဝင်း)၊ ရဲအုပ်ကျော်စိုး၊ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးလှမော်တို့က လက်ခံယူကြသည်။

(ဝဲအောက်ပုံ)(က-ပ)

မိုးကုတ်တရားစခန်း ဖွင့်လှစ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာ မိုးကုတ်ကျောင်းမှ သွေးဆေးကန်အရှင်နန္ဒာစရိယ (သာသနဓဇ ဓမ္မာစရိယ ဂဏဝါစက ဓမ္မာစရိယ)သည် တပို့တွဲလဆန်း ၉ရက်မှ လပြည့်ကျော် ၁ရက်အထိ မွေတော်ရှာ မြောင်းမြမြို့၌လည်းကောင်း၊ တပို့တွဲလပြည့်ကျော် ၅ရက်မှ၁၁ရက် အထိ ရေကျော်ရှာ ပုသိမ်မြို့၌လည်းကောင်း၊ တပေါင်းလဆန်း၆ရက်မှ ၁၂ရက်အထိ မြကိုင်းရှာ ကျောက်တန်းမြို့၌လည်းကောင်း၊ ၁၅ရက်မှလပြည့်ကျော် ၆ရက်အထိ ဂွမြို့ ရခိုင်ပြည်နယ်၌လည်းကောင်း၊ တန်ခူးလဆန်း ၆ရက်မှ ၁၂ရက်အထိ ဘောလည်ရှာ ထန်းတပင်၌လည်းကောင်း ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဇန်နဝါရီ ၁၅ရက်က အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကြည့်မြင်တိုင်မြို့နယ်၏ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ပညာရည်ဆုနှင်းပွဲ အခမ်းအနားကျင်းပရာ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ခြောက်ဘာသာ ဂုဏ်ထူးရှင် မောင်အောင်ဇာနည်ဟိန်းအား ကျောင်းအုပ်ဆရာကြီးဦးသန့်ဇင်က ဆုချီးမြှင့်စဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၂-၂-၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၈။	မြဝတီ ရုပ်မြင်သံကြားသတင်း
၈း၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၂၀	၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၃၀	၅။	မြန်မာ့သံစဉ်ချိုနားဝင်
၄း၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၀	၇။	ရွှင်ကြည်ပြုံးစရာ တေးကဗျာ
၅း၀၀	၈။	မျိုးချစ်တပ်မတော်
၅း၃၀	၉။	မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၄၅	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	မိုးလေဝသသတင်း
၆း၂၅	၁၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀	၁၅။	ကာတွန်းအစီအစဉ် **"ပါကျဲ"** (အပိုင်း-၈)
၆း၅၀	၁၆။	လျှပ်တစ်ပြက်
၇း၀၀	၁၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ချစ်ထုံးရယ်မပြေယ်"** (အပိုင်း-၉)
၈း၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။	မြဝတီရဲ့ မြဝတီ
	၂၁။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"တရားစီရင်ထုံး"** (အပိုင်း-၈)

နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး တောင်ပိုင်းရပ်ကွက် ၉၃လမ်း၊ အောင်မင်္ဂလာဓမ္မာရုံတွင် ဖေဖော်ဝါရီ ၄ရက်ညမှစ၍ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရ (ပန်းတစ်ပွင့်တောင် ဆရာတော်)၊ ၅ရက်၊၆ရက်တွင် ရွှေပြည်သာ မေတ္တာရှင် ဆရာတော် အရှင်ဇဝန၊ ၇ရက်တွင် ဓမ္မစေတီဆရာတော် သာသနာ့တက္ကသိုလ မဟာဓမ္မာစရိယ(M.A. Buddhism) ရှင်ကောသလ္လ၊ ၈ရက်ညတွင် သာကေတ မဇ္ဈိမဂုဏ်ရည်စာသင်တိုက် ပဓာန နာယက ရှင်ကောဝိဒ (Ph.D)တို့က ညစဉ် ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

အောင်သိဒ္ဓိဆုတောင်းရရွှေစေတီ ထီးတင်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

မုံရွာမြို့ ခမ္မပါရဂူပါဠိတက္ကသိုလ် ပဓာနနာယကဆရာတော် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဘဒ္ဒန္တအရိယာလင်္ကာရ အဂ္ဂမဟာပဏ္ဍိတ ဦးစီးတည်ထားသော မုံရွာခရိုင် ဘုတလင်မြို့နယ် ပေယင်းစံပြကျေးရွာ ရွှေကျောင်းတိုက်အတွင်းရှိ အောင်သိဒ္ဓိဆုတောင်းရရွှေစေတီတော်ကြီး၏ စိန်ဖူးတော်ထီးတော်တင်လှူပွဲ အနေကဇာတင်ပွဲ ဗုဒ္ဓပူဇနိယမင်္ဂလာကို ၁၃၆၇ ခုနှစ် တပို့တွဲလပြည့်နေ့တွင် ဆရာတော်၏သက်တော်(၇၅)နှစ်မြောက် စိန်ရတု မွေးနေ့အထိမ်းအမှတ်အဖြစ် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(၁၉၂)**

(၆၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ပေါ်ထွန်းလာရေးအတွက် ပြည်သူတို့နှင့်အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး။

၃။ နိုင်ငံတော်၏ အန္တရာယ်မှန်သမျှကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသော ခေတ်မီတပ်မတော် တည်ဆောက်ရေး။

✻ ရှေ့ဖုံးမှ

သင်တန်းကရရှိသည့် အတွေ့အကြုံ၊ အသိအမြင်များကို ဘဝအတွေ့အကြုံဖြင့် ထင်ဟပ်သုံးသပ်ပြီး လက်တွေ့လုပ်ငန်း၌ အကျိုးရှိရှိ အကောင်အထည်ဖော်ဆောင်ရွက်ကြပါ။ မိမိတို့ကဲ့သို့ပင် အသင်းဝင်များ၊ ပြည်သူများ သိအောင်၊ မြင်အောင်၊ လေ့လာသိစွမ်းအားရှိအောင်၊ ရှင်းလင်းစည်းရုံးနိုင်စွမ်းရှိအောင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ မိမိနယ်မြေဒေသအကျိုးသယ်ပိုးဆောင်ရွက်ရင်း အရည်အချင်း၊ အရည်အသွေး ပိုမိုတိုးတက်အောင်လည်း စဉ်ဆက်မပြတ် ဆည်းပူးလေ့လာသွားကြပါဟု မှာကြားလိုကြောင်း။

ပြည်ထောင်စု၏ မည်သည့်နေရာဒေသ၌ ပင်နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူရန် အလွန်အရေးကြီးကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်ကသာ တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ် ဖြစ်ကြောင်း၊ ဒို့တာဝန်အရေးသုံးပါးသည် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်၏ အခြေခံဖြစ်ကြောင်း၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် အစဉ်ရှင်သန် ထွန်းကားပြန့်ပွားနေအောင် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

စစ်မှန်သည့်လူထုညီလာခံကြီး

အမျိုးသားညီလာခံ ကိုယ်စားလှယ်များတွင် ပြည်သူကိုယ်စားပြုသည့် လူတန်းစားစုံ၊ အလွှာစုံ၊ တိုင်းရင်းသားစုံပါဝင်ပြီး အစုအဖွဲ့ အစည်းအဝေးများ၊ စုံညီ အစည်းအဝေးများ၌ ကျယ်ကျယ်ပြန့်ပြန့် လွတ်လွတ်လပ်လပ်ဆွေးနွေးကြပြီး ဆန္ဒကို ပွင့်ပွင့်လင်းလင်း ထုတ်ဖော်တင်ပြ ညှိနှိုင်းတိုင်ပင်နေသော စစ်မှန်သည့် လူထုညီလာခံကြီးဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီးတွင် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး အခြေခံရမည့်မူများကို ညှိနှိုင်းဆွေးနွေးချမှတ်နေပြီ ဖြစ်ကြောင်း၊ အမျိုးသားညီလာခံ အောင်မြင်မှ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲအောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုး တိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် ထူထောင်သွားရမည်ဖြစ်ကြောင်း၊ ဒို့တာဝန်အရေးသုံးပါးနှင့်အညီ ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်အရင်းခံသည့် အေးချမ်းတည်ငြိမ်ခြင်း၊ ငြိမ်းချမ်းခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ တရားမျှတခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်း၊ ခိုင်မာတောင့်တင်းခြင်းများရရှိမည်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံအောင်မြင်ရေးသည် အခြေခံအကျဆုံး၊ အရေးကြီးဆုံးဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီးအောင်မြင်ရေးကို တက်တက်ကြွကြွ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ရမည် ဖြစ်ကြောင်း။

အစိုးရ၊ ပြည်သူနှင့်တပ်မတော် ပူးပေါင်းပြီး နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို ဘက်စုံထောင့်စုံ၊ ကဏ္ဍစုံက ကြိုးပမ်းဆောင်ရွက်နေသည့်အတွက် ဖွံ့ဖြိုးတိုးတက်ရလဒ်ကောင်းများရရှိနေပြီ ဖြစ်ကြောင်း၊ သို့ရာတွင် ပြည်တွင်းပြည်ပ မီဒီယာများက နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုကွာဟမှုများကို အခွင့်ကောင်းယူပြီး နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုမျက်နှာစာများက စိမ့်ဝင်ထိုးဖောက် မဟုတ်မမှန်ဝေဖန်ပြောဆိုရေးသား ထုတ်လွှင့်နေသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ ပကတိဖြစ်ရပ်မှန်ကိုသိရှိစေရန် အသင်းကြီးအနေဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အသင်းကြီး၏ သတင်းနှင့် ပြန်ကြားရေး မီဒီယာကို အသုံးပြု အကောင်အထည်ဖော်ဆောင်ရွက်ရင်း နိုင်ငံတော်၏ ပြန်ကြားရေးမဏ္ဍိုင်ကို အထောက်အကူပြု ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

ဆုများပေးအပ်ချီးမြှင့်

ထို့နောက် ထူးချွန်သင်တန်းသားများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက သင်တန်းတွင် ပထမဆုရရှိသော မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ ဦးညွန့်ဝင်း၊ ဒုတိယဆုရရှိသော မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဦးလွင်မိုးနှင့် တတိယဆုရရှိသော ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဒေါက်တာစိုးသိန်းတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားသင်တန်းသူများကိုယ်စား စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ သင်တန်းသား ဦးတင်မြင့်အားလည်းကောင်း၊ သင်တန်းနည်းပြများအတွက် ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုလက်ဆောင်များကို သင်တန်းနည်းပြများကိုယ်စား သင်တန်းနည်းပြ ဦးတင်ခ(တက္ကသိုလ်တင်ခ)အားလည်းကောင်း ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

သင်တန်းဆင်းပွဲအပြီးတွင် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အဆိုပါ အခြေခံသတင်းစာပညာ သင်တန်းအမှတ်စဉ်(၃)သို့ ပြည်နယ်နှင့် တိုင်းအသီးသီးမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် သင်တန်းသား သင်တန်းသူစုစုပေါင်း ၅၂ ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တကိုးပတ်ကြာမြင့်ခဲ့သည်။ **(သတင်းစဉ်)**

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်း (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဖွင့်လှစ်သော စက်မှု(၁) ဈေးရောင်းပွဲတော်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (စက်မှု-၁)

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြု စက်မှု(၁)ဈေးရောင်းပွဲတော်ဖွင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁

(၅၉)နှစ်မြောက်ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၁)စက်မှုဝန်ကြီးဌာနက ကျင်းပသော စက်မှု(၁)ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်တိုင်း ဗဟန်းမြို့နယ် စက်မှု(၁)လမ်းရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာနဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်း၏ဇနီး ဒေါ်ခင်ခင်ရီ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်း၊ ဦးစီးဌာနလုပ်ငန်းများရှိ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ရန်ကုန်အနောက်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်တင့်နှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စက်မှု(၁)ဈေးရောင်းပွဲတော်ကို အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ စက်မှုညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်နှင့် ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်းက စက်မှု(၁)ဈေးရောင်းပွဲတော်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး စက်မှု(၁)ဈေးရောင်းပွဲတော်၌ စက်မှု(၁)ထုတ်ကုန်ပစ္စည်းများရောင်းချနေသော မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း၊ မြန်မာ့စားသောက်ကုန်လုပ်ငန်း၊ မြန်မာ့ထွေထွေနှင့်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း၊ မြန်မာ့အထည်အလိပ်လုပ်ငန်းတို့၏ အရောင်းဆိုင်များအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့ဖွင့်လှစ်သည့် စက်မှု(၁) ဈေးရောင်းပွဲတော်ကို ကမ္ဘာအေးဘုရားလမ်းနှင့် စက်မှု(၁)လမ်း အမှတ်(၁) စက်မှု ဝန်ကြီးဌာနရုံးဝင်း ဘေးပတ်လမ်းတစ်လျှောက် ဖွင့်လှစ်ရောင်းချရာ ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

လက်လီလက်ကား

အဆိုပါ ဈေးရောင်းပွဲတော်တွင် စက်မှု(၁)မှထုတ်လုပ်သည့် လူသုံးကုန်ပစ္စည်းမျိုးစုံကို အထူးဈေးနှုန်းဖြင့် လက်လီလက်ကား ရောင်းချပေးမည်ဖြစ်ရာ မည်သူမဆို လာရောက်ဝယ်ယူနိုင်သည်။ ဈေးရောင်းပွဲတော် လာရောက်သူများ အပန်းဖြေနိုင်ရန် ညစဉ်ညနေ၆နာရီမှည၈နာရီအထိ စင်တင်တေးဂီတများဖြင့် သီဆိုဖျော်ဖြေပေးမည်ဖြစ်ပြီး စားသောက်ဆိုင်များ ဖွင့်လှစ်ရောင်းချပေးမည်ဖြစ်သည်။

ကျင်းပ

ယနေ့ဖွင့်လှစ်သည့် အထူးဈေးရောင်းပွဲတော်အား ယနေ့မှ ဖေဖော်ဝါရီ၅ရက်အထိ နေ့စဉ်နံနက်၁၀နာရီမှ ည၈နာရီအထိ ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရေကျော် ဦးရွှေဂွန်းလမ်းတို အမှတ် ၃၉ နေ မိခင်ကြီး ဒေါ်ခင်ကြည် သုံးနှစ်မြောက် ရည်စူး၍ ခင်ပွန်းဖြစ်သူ ဦးခင်လှနှင့်မိသားစုတို့က အလှူငွေ ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးတင်မောင်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြစိမ်းတောင်ဆရာတော် တရားပွဲများကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

တိုက်ကြီးမြို့ လိမ္မော်ခြံကျေးရွာ မြစိမ်းတောင်ဆရာတော်အရှင်ဇာနေယျသည် စမ်းချောင်းမြို့နယ် ကံမြင့်ဓမ္မာရုံ ဓမ္မသဘင်တွင် ဖေဖော်ဝါရီ၅ ရက်နှင့် ၆ ရက် ည ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားချီးမြှင့်တော်မူမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်း အာယုဒါန

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကင်း ပြည်သာယာရွှေပြည်ဟိန်းကျောင်း၌ဖွင့်လှစ်ထားသော ကုသိုလ်ဖြစ်ဆေးခန်း၌ လိုအပ်သောဆေးပစ္စည်းများ ဝယ်ယူလှူဒါန်းနိုင်ရန်အတွက် ဗဟန်းမြို့နယ် ဆရာစံမြောက်အရှေ့ရပ်ကွက် တစ်နှစ်သုံး ကားအပိုပစ္စည်းနှင့်ထွန်းသီရိဗီဒီယိုရိုက်ကူးရေးမိသားစုက ကျပ်တစ်သိန်း၊ ဘဲတံဆိပ် ဆန်ကြာဆံလုပ်ငန်းမိသားစုက ကျပ်တစ်သိန်း၊ မစုစုမာ၊ မခင်ခင်ပြုံး ၂၀၆၊ ဗိုလ်တထောင်ဘုရားလမ်းက ကျပ်တစ်သိန်း၊ အရှေ့ဈေးဟောင်းလမ်းမိသားစုက ကျပ်တစ်သိန်း၊ ပန်းအိမ်တော်မိသားစု အရှေ့ဗဟိုရ်လမ်းက ကျပ်ငါးသောင်း၊ ကြည့်မြင်တိုင်ပန်းလှိုင်အိမ်ရာ ရွှေစံအိမ်မိသားစုက ကျပ်ခြောက်သောင်းတို့ကို လှူဒါန်းကြသည်။ အလှူရှင်များသည် ရွှေပြည်ဟိန်းကျောင်း ဖုန်း-၅၄၁၄၉၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မည်သည့်တိုက်ခိုက်မှုကိုမဆို လက်တုံ့ပြန်ရန် အီရန်နိုင်ငံက သန္နိဋ္ဌာန်ချထားလိုက်ပြီဟုဆို

တီဟီရန် ဖေဖော်ဝါရီ ၁

အီရန်နိုင်ငံသည် ၎င်း၏နျူကလီးယား အစီအစဉ်အပေါ် နိုင်ငံတကာက ဖိအားပေးလာခဲ့သဖြင့် ယင်းတောင်ပိုင်း စစ်အခြေစိုက်စခန်းရှိ ဗြိတိန်နှင့်အမေရိကန်တို့ကို သူပုန် များအဖြစ် စွပ်စွဲလိုက်ပြီး အီရန်အား တိုက်ခိုက်မှုများပြုလုပ်လာလျှင် အလတ်စား ဒုံးကျည်များဖြင့် ပြန်လည်တိုက်ခိုက်မည်ဖြစ်ကြောင်း ဇန်နဝါရီ ၂၈ရက်၌ အီရန်က ပြောကြားလိုက်သည်။

မိမိတို့အား စစ်ရေးအရတိုက်ခိုက်လာလျှင်ထိရောက်သောကာကွယ်ရေး ဒုံးကျည်များဖြင့် လက်တုံ့ပြန် တိုက်ခိုက်သွားမည်ဖြစ်ကြောင်း တော်လှန်ရေးအစောင့်တပ်အကြီးအကဲ တပ်မှူး ယာကျာရာဟင်ဆာဖာဗီက နိုင်ငံပိုင်ရုပ်မြင်သံကြားသို့ပြောကြားသည်။

အနောက်နိုင်ငံများသည် တီဟီရန်က ၎င်း၏ နျူကလီးယား အဆောက်အအုံများသည် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရန်သာဖြစ်ကြောင်း အခိုင်အမာ ပြောဆိုထားသော်လည်း နျူကလီးယားဗုံးထုတ်လုပ်ရန် ကြိုးစားနေသည်ဟု သံသယဖြစ်နေကြောင်း ၎င်းက ပြောကြားသည်။

ပြောကြား

အဆိုပါ အီရန် အစောင့်တပ်မှ ရှာဟတ်-၃ ဒုံးကျည်များသည် မိုင်ပေါင်း ၁၂၀၀ အတွင်းရှိ အစ္စရေးနှင့် ပင်လယ်ကွေ့ရှိ အမေရိကန် စစ်အခြေစိုက်စခန်းများ၊ အီရတ်ရှိ နိုင်ငံခြားတပ်များ ပစ်မှတ်များကို ထိမှန်အောင် ပစ်ခတ်နိုင်ကြောင်း ပြောကြားသည်။

ဗြိတိန်နှင့် အမေရိကန်တို့သည် အီရန်နိုင်ငံ၏ ရေနံအလျှံအပယ်ကြွယ်ဝသည့် ခူဇက်စတန်ပြည်နယ် အနောက်တောင်ပိုင်း၏ လက်နက်ကိုင်သူပုန်များ ဖြစ်ကြောင်းဖြင့်လည်း ဆာဖာဗီက တီဟီရန်၏ စွပ်စွဲချက်ကို ထပ်လောင်း ပြောကြားလိုက်သည်။

ထုတ်လုပ်

အီရန်နိုင်ငံက မည်သည့်နိုင်ငံကြီး နည်းပညာအကူအညီများ မယူဘဲ ကိုယ်ပိုင်ဒုံးကျည်များထုတ်လုပ်နိုင်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ပါကစ္စတန်၌ မီးရထားလမ်းချော်တိမ်းမှောက် လူခြောက်ဦးသေဆုံး၊ ၂၅ ဦးဒဏ်ရာရ

အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၁

ပါကစ္စတန်နိုင်ငံတွင် မီးရထားတစ်စီး ဇန်နဝါရီ ၂၉ရက်က လမ်းချော်တိမ်းမှောက်မှု ဖြစ်ပွားရာ လူခြောက်ဦးသေဆုံးပြီး ၂၅ဦး ဒဏ်ရာရရှိခဲ့သည်။

မီးရထားတိမ်းမှောက်မှု ဖြစ်ပွားစဉ် မီးရထားတွဲတစ်တွဲသည် လျှိုတစ်ခုအတွင်းသို့ ထိုးကျသွားခဲ့သည်။ သို့သော် ခရီးသွားအားလုံးကို ကယ်တင်နိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ရှာဖွေ

ယင်းတိမ်းမှောက်မှု ဖြစ်ပွားသည့် ဂျီလမ်းဒေသ အနီးတစ်ဝိုက်၌ ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက အမှောင်ထဲတွင် မီးမောင်းများထိုး၍ ပိုက်စိတ်တိုက် ရှာဖွေလျက် ရှိသည်။

ပြောကြား

၎င်းရထားသည် အစ္စလမ္မာဘတ်မြို့အနီး ရာဝယ်ပင်ဒီဒေသမှ ထွက်ခွာလာခြင်းဖြစ်ပြီး မီးရထား တွဲတစ်တွဲသည် ပေ၅၀အနက်ရှိ လျှိုအတွင်းသို့ ထိုးကျသွားခြင်းဖြစ်ကြောင်း မီးရထား ဒုတိယဝန်ကြီးက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ အရောင်းပြခန်းတွင် တိုရှီဘာကုမ္ပဏီမှ ထုတ်လုပ်သော ခရီးဆောင် ဒီဗီဒီပြစက်ကို ဝန်ထမ်းတစ်ဦး ဇန်နဝါရီ ၃၁ရက်က ပြသနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ရေနံဈေးနှုန်းများ တိုးမြင့်နေသော်လည်း ယခုနှစ်၌ တောင်ကိုရီးယား ရေနံပိုမိုတင်သွင်းခဲ့ရ

ဆိုးလ် ဖေဖော်ဝါရီ ၁

ကမ္ဘာ့စတုတ္ထမြောက် ရေနံအများဆုံး တင်သွင်းသော နိုင်ငံဖြစ်သည့် တောင်ကိုရီးယားနိုင်ငံသည် ရေနံစိမ်း နှင့် ရေနံဈေးနှုန်းများ ကြီးမြင့်နေသော်လည်း ၂၀၀၄ခုနှစ်ကထက် ၂၀၀၅ခုနှစ်၌ ၄၀ရာခိုင်နှုန်းကျော် ရေနံပိုမိုတင်သွင်းခဲ့ရသည်ဟု တောင်ကိုရီးယားအစိုးရ၏ ဇန်နဝါရီ ၃၀ရက်က ထုတ်ပြန်သော သတင်းတစ်ရပ်၌ ဖော်ပြသည်။

၂၀၀၄ခုနှစ်ကထက် ရေနံ ပြည်တွင်းသို့ တင်သွင်းမှု ၄၂ဒသမ ၈ရာခိုင်နှုန်းကျော်ရှိခဲ့သဖြင့် ၂၀၀၅ ခုနှစ်က ရေနံတင်သွင်းမှု ကုန်ကျငွေ အမေရိကန် ဒေါ်လာ ၄၂ဒသမ ၇ဘီလီယံ သုံးစွဲခဲ့ရသည်ဟု တောင်ကိုရီးယားဘဏ်နှင့် တောင်ကိုရီးယား နိုင်ငံ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့က ပူးတွဲ ထုတ်ပြန်သည့် အစီရင်ခံစာ၌ ဖော်ပြထားသည်။

မြင့်တက်

တောင်ကိုရီးယား နိုင်ငံသည် ပြည်ပမှ ရေနံတင်သွင်းမှုအပေါ် မှီခိုအားထားနေရသော နိုင်ငံဖြစ်သည်။ ပြီးခဲ့သည့် ၂၀၀၄ခုနှစ်က ဒုဘိုင်းမှ ရေနံစိမ်းတစ်စည်လျှင် ၃၆ဒသမ ၁၅ဒေါ်လာသာရှိသော်လည်း ၂၀၀၅ ခုနှစ်တွင် ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၅၀ဒသမ ၆၀ ဒေါ်လာခန့်အထိ မြင့်တက်လာခဲ့သည်။

တောင်ကိုရီးယား နိုင်ငံသည် ၂၀၀၅ ခုနှစ်က ရေနံသုံးစွဲမှုမှာ စည်ပေါင်း ၈၄၄ဒသမ ၁သန်းအထိ ရှိခဲ့ရာ ၂၀၀၄ခုနှစ်က သုံးစွဲခဲ့သည့် ရေနံစိမ်းစည် ၈၂၇ဒသမ ၅သန်းထက် ပိုမိုများပြားခဲ့သည်ဟု အဆိုပါ အစီရင်ခံစာ၌ ဖော်ပြထားသည်။ ယခုနှစ်တွင်လည်း ရေနံတင်သွင်းရမှု ပိုမိုများပြားလာမည်ဖြစ်ရာ ရေနံစိမ်းဈေးနှုန်း အနေဖြင့် ရေနံစိမ်း တစ်စည်လျှင် ၅၅ဒေါ်လာအထိရှိနိုင်ကြောင်း အဆိုပါ အစီရင်ခံစာ၌ သုံးသပ်ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ

စပိန်နိုင်ငံ၌ မော်တော်ယာဉ်တိမ်းမှောက် အမျိုးသမီးငါးဦးသေဆုံး

မက်ဒရစ် ဖေဖော်ဝါရီ ၁

စပိန်နိုင်ငံ အရှေ့ပိုင်းတွင် ဇန်နဝါရီ ၂၈ရက် စနေနေ့က ဆီးနှင်းခဲများဖုံးလွှမ်းလျက်ရှိသော လမ်းပေါ်၌ မော်တော်ယာဉ်တစ်စီး တိမ်းမှောက်မှုကြောင့် အမျိုးသမီးငါးဦး သေဆုံးခဲ့ရကြောင်း သိရသည်။

သေဆုံး

စပိန်နိုင်ငံတစ်ဝန်း၌ ဆီးနှင်းများ ထူထပ်စွာကျဆင်းနေသဖြင့် မော်တော်ယာဉ်များ မောင်းနှင် သွားလာရေးမှာ အခက်အခဲဖြစ်လျက်ရှိကြောင်း အဆိုပါ တိမ်းမှောက်ခဲ့သော မော်တော်ယာဉ်မှာ အလီကင်တီမြို့မှ ကီလိုမီတာ ၅၀ ခန့်အကွာ၌ တိမ်းမှောက်ခဲ့ရခြင်းဖြစ်ပြီး မော်တော်ယာဉ်ပေါ်၌ ပါရှိသည့် အမျိုးသမီးငါးဦး သေဆုံးခဲ့ရခြင်း ဖြစ်သည်။

ဒဏ်ရာရ

မော်တော်ယာဉ် တိမ်းမှောက်မှုကြောင့် ခရီးသည် ၅၂ ဦးအနက် ၁၅ဦးမှာ ထိခိုက် ဒဏ်ရာရရှိခဲ့ပြီး ရှစ်ဦးမှာ စိုးရိမ်ရသည့် အခြေအနေရှိသည်ဟု ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်မှ ဂျပန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းမည်

တိုကျို ဖေဖော်ဝါရီ ၁

အီရတ်နိုင်ငံမှ တိုက်ခိုက်ရေးမဟုတ်သော ဂျပန်တပ်ဖွဲ့ဝင်များအား ယခုနှစ်မတ်လမှစတင်ကာ ရုပ်သိမ်းတော့မည်ဖြစ်ကြောင်း မေလတွင် အပြီးသတ်ရုပ်သိမ်းမည်ဖြစ်သည်ဟု ဂျပန်မီဒီယာများက ဇန်နဝါရီ ၃၁ရက်၌ ဖော်ပြသည်။

ဂျပန်တပ်ဖွဲ့ဝင်များအား အီရတ်နိုင်ငံတောင်ပိုင်းတွင် တိုက်ခိုက်ရေး မဟုတ်သော မြေပြင်ထိန်းသိမ်းရေး တာဝန်များကို ထမ်းဆောင်ရန် စေလွှတ်ထားရာ ဒီဇင်ဘာ ၁၄ရက်က တစ်နှစ်ပြည့်ခဲ့ပြီဖြစ်သည်။ အချို့ဂျပန် အရာရှိများက အီရတ်ရှိဂျပန်တပ်ဖွဲ့ဝင်များ မကြာမီပြန်လည်ရုပ်သိမ်းမည် ဖြစ်ကြောင်း ပြောကြားသည်။

ယခုကဲ့သို့ ဂျပန်တပ်ဖွဲ့ဝင်များ ပြန်လည်ရုပ်သိမ်းမှုကို လွန်ခဲ့သည့် ဒီဇင်ဘာလကတည်းက ဆုံးဖြတ်ထားခဲ့ကြောင်းသိရသည်။ အီရတ်သို့ ဂျပန်တပ်ဖွဲ့ဝင်များ စေလွှတ်မှုကို ဂျပန်ပြည်သူ အများစုက ဆန့်ကျင်ခဲ့ကြသည်။

ပြီးခဲ့သည့် ဇန်နဝါရီ ၂၃ရက်က ပြုလုပ်ခဲ့သော ဂျပန်၊ ဗြိတိန်နှင့် သြစတြေးလျ နိုင်ငံတို့၏ လန်ဒန်အစည်းအဝေး၌ တပ်ဖွဲ့ဝင်များရုပ်သိမ်းမှုကို သဘောတူညီခဲ့ကြသည်။

အမ်အင်အေ၊ရိုက်တာ

တိုက်မိ

အီရတ်နိုင်ငံ ဘာဆာရာမြို့၌ ဗြိတိသျှ ကင်းလှည့်ယာဉ်တစ်စီး လမ်းဘေးဖုံးပေါက်ကွဲ ထိမှန်ပြီးနောက် ထရပ်ကားတစ်စီးအားတိုက်မိနေသည်ကို ဇန်နဝါရီ ၃၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဖန်လုံအိမ် အာနိသင်ဓာတ်ငွေ့ကြောင့် ကမ္ဘာကြီးပိုမိုပူနွေးလာမှု အမြန်အရေးယူဆောင်ရွက်ရန် သိပ္ပံပညာရှင်များတိုက်တွန်း

လန်ဒန် ဖေဖော်ဝါရီ ၁

ကမ္ဘာပေါ်ရှိ ဖန်လုံအိမ် အာနိသင်ဓာတ်ငွေ့ထုတ်လုပ်မှုကို ရပ်ဆိုင်းပြီး အနှစ် ၂၀အတွင်း အခြေအနေကို ပြောင်းပြန်လှန်ပစ်ရမည်ဖြစ်ကြောင်း၊ သို့မဟုတ်ပါက မိမိတို့နေထိုင်ရာ ဤကမ္ဘာကြီး ပျက်စီးသွားမည့်အရေးကို ဦးတည်သွားမည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ဇန်နဝါရီ ၂၉ရက်က သတိပေး လိုက်သည်။

ကျောက်ဖြစ်ရုပ်ကြွင်း လောင်စာများ မီးရှို့ရာမှ တစ်ကမ္ဘာလုံး ပိုမိုပူနွေးကာ ကပ်ဆိုက်မည့် သက်သေခံအထောက်အထား ယခုအခါ တွေ့ရှိလာရခြင်းမှာ အငြင်းပွားစရာ မဟုတ်တော့သည့် ပကတိဖြစ်ရပ်တစ်ခုဖြစ်ကြောင်းဖြင့် သိပ္ပံပညာရှင်များနှင့် နိုင်ငံရေးသမားက ထောက်ပြပြီးနောက် မည်သို့မျှ အရေးယူဆောင်ရွက်ခြင်းမပြုဘဲ နေ၍မရတော့ကြောင်း အလေးအနက် ပြောကြားသည်။

ပြောကြား

ရာသီဥတု ပြောင်းလဲမှုသည် ယခင် မျှော်မှန်းထားသည်ထက် ပိုမိုဆိုးရွားကြောင်း၊ ထို့ကြောင့် ယခုအခါ ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့ထုတ်လုပ်မှုလျှော့ချရေး အလောတကြီး ဆောင်ရွက်ရန် လိုအပ်ကြောင်းဖြင့်လည်း လန်ဒန်မြို့၌ ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲ၏ ရာသီဥတုပြောင်းလဲမှု အကြံပေးအရာရှိ ဟင်နရီဒါဝင်က ပြောကြားလိုက်သည်။

ကြုံတွေ့နိုင်

ကမ္ဘာ့ပျမ်းမျှ အပူချိန်မှာ စက်မှုမထွန်းကားမီကထက် သုညဒသမ ၆စင်တီဂရိတ် ပိုများနေကြောင်း၊ အပူချိန် သုညဒသမ ၄စင်တီဂရိတ် ပိုမိုပူနွေးလာခြင်းကြောင့် သည်ပင်လျှင် သန္တာကျောက်တန်းများ ပပျောက်ကုန်တတ်ပြီး ဟိမဝန္တာတောင်တန်းဒေသ၌ ရေလျှံကာ ပြည်သူသန်းပေါင်းများစွာ အငတ်ဘေးနှင့် ကြုံတွေ့နိုင်ကြောင်းဖြင့် သုတေသန ပညာရှင် ရာချယ်ဝါရင်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ဘင်္ဂလားဒေ့ရှ်၌ပုဂ္ဂလိက သွေးလှူဘဏ်များပေါ်များလာ

ဒါကာ ဖေဖော်ဝါရီ ၁

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့နှင့် အခြားဒေသအချို့၌ အစိုးရက ထိန်းချုပ်ခြင်းကင်းမဲ့သော သွေးလှူဘဏ်များ ပေါ်များလာနေကြောင်း ဒေသဆိုင်ရာ သတင်းစာတစ်စောင်က ဇန်နဝါရီ ၃၁ ရက်၌ ဖော်ပြသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၌ သွေးလှူဘဏ် ၁၅၀ ခန့် ဖွင့်လှစ်ထားပြီး အခြားဒေသတွင် ၅၀၀ခန့်ရှိကြောင်း ကျန်းမာရေးညွှန်ကြားမှု ဦးစီးဌာန၏ ပြောကြားချက်ကို အဆိုပါ နေ့စဉ်ထုတ်သတင်းစာက ကိုးကားဖော်ပြသည်။

အဆိုပါ ပုဂ္ဂလိကသွေးလှူဘဏ်များမှ သွေးများသည် စစ်ဆေးမှုမပြုလုပ်ဘဲ သွေးစုဆောင်းထားသဖြင့် အသုံးပြုရန်အတွက် အန္တရာယ်ဖြစ်နိုင်ကြောင်း ၎င်းသတင်းစာတွင် ဖော်ပြသည်။

ကုန်ကျ

သွေးစစ်ဆေးမှု ကုန်ကျစရိတ်မှာ သွေးအိတ်တစ်အိတ်လျှင် ကာတာငွေ ၄၅၀ (အမေရိကန်ဒေါ်လာ ၆ ဒသမ ၉ ဒေါ်လာခန့်)ဖြစ်ကြောင်း၊ စစ်ဆေးပြီး သွေးအိတ်တစ်အိတ်တန်ဖိုးမှာ ကာတာငွေ၇၀၀ (အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၈ ဒေါ်လာ) ဖြစ်ကြောင်း၊ ပုံမှန်ဈေးနှုန်းမှာ ကာတာငွေ ၂၀၀ (အမေရိကန်ဒေါ်လာ သုံးဒေါ်လာခန့်)ဖြစ်ကြောင်း မော်ဒန်ဆေးခန်းမှ ဝန်ထမ်းတစ်ဦးက ပြောကြားသည်။

ဖော်ပြ

ပုဂ္ဂလိကသွေးလှူဘဏ်များမှ သွေးများသည် ကြေးစားသွေးလှူဒါန်းသူများထံမှသွေးများကို စုဆောင်းထားသဖြင့် လူများကို သေစေနိုင်သော ရောဂါပိုးများ မကြာခဏတွေ့ရကြောင်း အဆိုပါနေ့စဉ်သတင်းစာက ဖော်ပြသည်။

ကြေးစားသွေးလှူဒါန်းသူများ၌ အသည်းရောဂါဘီပိုးရှိသူ ၂၉ ရာခိုင်နှုန်း၊ စီပိုးရှိသူ ၃ ဒသမ ၈ ရာခိုင်နှုန်းနှင့် ဆစ်ဖလစ်ရောဂါရှိသူ ၃၀ ရာခိုင်နှုန်း တွေ့ရှိရကြောင်း ဒါကာဆေးကောလိပ်မှ ပညာရှင်တစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဘတ်စ်ကားတိမ်းမှောက်

အီဂျစ်နိုင်ငံတောင်ပိုင်း အဝေးပြေးလမ်းမပေါ်တွင် ဘတ်စ်ကား တစ်စီး တိမ်းမှောက်နေသည်ကို ဇန်နဝါရီ ၃၁ရက်ကတွေ့ရစဉ်။
(ယင်းဘတ်စ်ကား တိမ်းမှောက်မှုကြောင့် နိုင်ငံခြားခရီးသွားဧည့်သည် ၁၄ ဦးသေဆုံးပြီး လူ ၃၀ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။)
(ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံ၌ အိမ်ရာမြေလုပ်ငန်းတစ်ရှိန်ထိုးတိုးတက်လာနေ လွန်ခဲ့သည့်ငါးနှစ်တွင် ရင်းနှီးမြှုပ်နှံမှုဒေါ်လာ ၆၅၇ ဘီလီယံကျော်ရှိခဲ့

ပေကျင်း ဖေဖော်ဝါရီ ၁

တရုတ်နိုင်ငံတွင် လွန်ခဲ့သည့်ငါးနှစ်တာကာလအတွင်း အိမ်ရာမြေလုပ်ငန်း၌ ရင်းနှီးမြှုပ်နှံမှု တစ်ရှိန်ထိုးမြင့်တက်ခဲ့ရာ အမေရိကန်ဒေါ်လာ ၆၅၇ဒသမ၆ ဘီလီယံအထိရှိခဲ့ကြောင်း ဇန်နဝါရီ ၃၁ ရက်က အစီရင်ခံစာတွင် ဖော်ပြထားသည်။

ယင်းမှာတရုတ်နိုင်ငံ၌ ပြီးခဲ့သည့် ၂၀၀၁ခုနှစ်နှင့် ၂၀၀၅ခုနှစ်အတွင်း အိမ်ရာမြေလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုတိုးတက်လာရခြင်းသည် တရုတ်နိုင်ငံ၏ လူနေမှုဘဝတိုးတက်မြင့်မားလာမှုကြောင့်ဖြစ်ကြောင်း တရုတ်နိုင်ငံဆောက်လုပ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သောအစီရင်ခံစာတစ်ရပ်၌ ဖော်ပြသည်။

တရုတ်နိုင်ငံ၏ စာရင်းဇယားများအရ ၂၀၀၅ခုနှစ် ပထမကာလက အိမ်ရာမြေလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုမှာ တရုတ်ယွမ်ငွေ ၁ ဒသမ ၃၂၄ ထရီလီယံအထိရှိခဲ့ရာ ၂၀၀၄ခုနှစ်ကယွမ်ငွေ ၁ဒသမ၃၁၆ ထရီလီယံထက်ပိုမိုများပြားခဲ့သည်ဟုဖော်ပြထားသည်။

တရုတ်နိုင်ငံသားများအနေဖြင့်လွန်ခဲ့သည့် ငါးနှစ်က အိုးအိမ်ဆောက်လုပ်ရေးကဏ္ဍတွင် ယွမ်ငွေလေးထရီလီယံသုံးစွဲခဲ့သည်ဟု အဆိုပါစာရင်းအင်းများ၌ ဖော်ပြသည်။ ထို့အတူတစ်ပတ်ရစ် အိုးအိမ်များရင်းနှီးမြှုပ်နှံမှု ဈေးကွက်သည်လည်း တိုးတက်ဖွံ့ဖြိုးလျက်ရှိသည်။

တရုတ်နိုင်ငံတွင် နှစ်စဉ်အိုးအိမ်အသစ်တည်ဆောက်မှုများသည် မြေအကျယ်အဝန်း စတုရန်းမီတာ ၁ဒသမ၃ဘီလီယံခန့်ရှိရာ ယင်းမှာ ၂၀၀၁ခုနှစ်နှင့် ၂၀၀၅ခုနှစ်အတွင်းဖြစ်ကြောင်း သိရသည်။ တရုတ်နိုင်ငံတွင် နှစ်စဉ်မြို့ပြဧရိယာများ၌ စတုရန်းမီတာသန်း၇၃၀နှင့် ဆင်ခြေဖုံးဒေသများတွင် စတုရန်းမီတာ သန်း၅၇၀တို့အပေါ်၌ အိုးအိမ်သစ်များတည်ဆောက်လျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ

ကနေဒါ သတ္တုတွင်းလုပ်သား ၇၀ သတ္တုတွင်းထဲ၌ ၁၉နာရီကြာပိတ်မိနေ

တိုရွန်တို ဖေဖော်ဝါရီ ၁

ပေါ်တက်သတ္တုတွင်းတစ်ခုအတွင်း ၁၉နာရီကြာ ပိတ်မိနေကြသည့် ကနေဒါနိုင်ငံသား ၇၀သည် နားခိုရာ အခန်းများတွင် ရှိနေပြီး မီးသတ်သမားများက ၎င်းတို့ကို အပေါ်သို့ မကယ်ထုတ်နိုင်မီအတွင်း မီးများကို ငြိမ်းသတ်ကာ မီးခိုးများကို ရှင်းထုတ်နေရကြောင်း သတ္တုတွင်း အရာရှိများက ဇန်နဝါရီ ၃၁ ရက်၌ ပြောကြားသည်။

အီစတာဟာဇေရှိ အဆိုပါ သတ္တုတွင်းမှာ ဇန်နဝါရီ ၃၁ရက် နံနက် ၃ နာရီက မီးလောင်ခဲ့ခြင်းဖြစ်ပြီး လောင်ကျွမ်းရခြင်းအကြောင်းရင်းကို မသိရှိရသေးကြောင်း။ သတ္တုတွင်းသည် မာနီတိုဘာနှင့် ပြည်နယ် နယ်စပ်အနီး မြို့ငယ်တွင် တည်ရှိပြီး မင်နီဆိုးတား အခြေစိုက် မိုဆက်ကုမ္ပဏီက ပိုင်ကြောင်း ရိုက်တာက ဖော်ပြသည်။

ကယ်ဆယ်ရေးအဖွဲ့သည် အသက်ရှူကိရိယာများ ဝတ်ဆင်ပြီး နားနေရာအခန်းများကို ရောက်သွားကာ သတ္တုတွင်းအလုပ်သမားများကို မြင်ရပြီဖြစ်ကြောင်း၊ ၎င်းတို့ကို အပေါ်သို့ မကယ်ထုတ်နိုင်မီ နာရီအနည်းငယ်ကြာဦးမည်ဖြစ်ကြောင်း၊ မီးသတ်သမားများက မီးငြိမ်းသတ်ရန် ကြိုးပမ်းလျက်ရှိပြီး လေဝင်လေထွက်ကောင်းရန် ဆောင်ရွက်နေကြောင်း ကုမ္ပဏီ၏ ပြောရေးဆိုခွင့်ရှိသူ မာရှဲလ်ဟာမီတွန်က ပြောကြားသည်။

နားနေရာအခန်းများတွင် အလုပ်သမားများသည် လုံခြုံစွာနေနိုင်ပြီး အောက်စီဂျင်၊ အစားအစာနှင့် ရေကိုလည်း အလုံအလောက်ရရှိနိုင်ကာ အနည်းဆုံး ၃၆နာရီသက်သောင့်သက်သာ နေနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ဖိလစ်ပိုင်စီးပွားရေး ငါးရာခိုင်နှုန်းကျော်တိုးတက်

မနီလာ ဖေဖော်ဝါရီ ၁

ဖိလစ်ပိုင်နိုင်ငံ၏ စီးပွားရေး တိုးတက်မှုသည် ၂၀၀၅ ခုနှစ်က ၅ဒသမ၁ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း ယင်းမှာ ၂၀၀၄ခုနှစ်က တိုးတက်မှုရာခိုင်နှုန်းကို ကျော်လွန်သွားခြင်းဖြစ်ကြောင်း ဖိလစ်ပိုင်အစိုးရက ဇန်နဝါရီ ၃၀ရက်၌ ပြောကြားသည်။

ပြောကြား

ဖိလစ်ပိုင်နိုင်ငံ၏ ဂျီဒီပီတိုးတက်မှုသည် ခန့်မှန်းရာခိုင်နှုန်းဖြစ်သော ၅ဒသမ ၃ရာခိုင်နှုန်းအောက်ရောက်ရှိသွားခြင်းဖြစ်ကြောင်း အမျိုးသားစာရင်းအင်း ညှိနှိုင်းရေးဘုတ်အဖွဲ့က ပြောကြားသည်။

တိုးတက်

ဖိလစ်ပိုင်နိုင်ငံ၏ စီးပွားရေးသည် ရေနံဈေးနှုန်းနှင့် ကုန်ဈေးနှုန်းတက်သော်လည်း အဓိကကဏ္ဍများအားလုံး စီးပွားရေး ဆက်လက်တိုးတက်ခဲ့ကြောင်း အဆိုပါဘုတ်အဖွဲ့ညွှန်ကြားရေးမှူးချုပ် ရိုမူလိုဗီရိုလာက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

လမ်းဘေးဗုံးပေါက်ကွဲ

ဘဂ္ဂဒက်မြို့၌ လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားသော အီရတ်ရဲတပ်ဖွဲ့ ကင်းလှည့်ယာဉ် တစ်စီးအား ဇန်နဝါရီ ၃၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်မြို့တွင်းနှင့်အနီးတစ်ဝိုက် တိုက်ခိုက်မှု အီရတ် လုံခြုံရေးတပ်ဖွဲ့ဝင်လေးဦးသေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁

တနင်္ဂနွေနေ့က ဘဂ္ဂဒက်မြို့အနီးနှင့် မြို့တွင်းသီးခြားတိုက်ခိုက်မှုများတွင် အီရတ်လုံခြုံရေးအဖွဲ့ဝင်လေးဦး သေဆုံးကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီး သတင်းရပ်ကွက်က ပြောဆိုသည်။

ပြောဆို

ဘဂ္ဂဒက်မြို့ အနောက်ပိုင်း အယ်အဒဲခရိုင်အတွင်း ကင်းလှည့်နေသည့် ရဲတပ်ဖွဲ့ဝင်များအား လမ်းဘေးဗုံးဖောက်ခွဲတိုက်ခိုက်သဖြင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး ၎င်းတို့စီးနင်းလာသော ရဲကားတစ်စီးပျက်စီးသွားကြောင်း အဆိုပါ သတင်းရပ်ကွက်က ပြောဆိုသည်။

ဗုံးဖောက်ခွဲ

ဘဂ္ဂဒက်မြို့တောင်ဘက် ကီလိုမီတာ ၃၀ခန့်အကွာရှိ လက်တီဖီယာမြို့တွင်း ကင်းလှည့်နေသည့် အီရတ်တပ်ဖွဲ့ဝင်များအနီး လမ်းဘေးဗုံးပေါက်ကွဲသည့်အတွက် အီရတ်တပ်ဖွဲ့ဝင် နှစ်ဦးသေပြီး၊ တစ်ဦးဒဏ်ရာရသွားသည်။

ထိုအတောအတွင်း ဘဂ္ဂဒက်တောင်ပိုင်း ဒူရာခရိုင်တွင် စိန်ပြောင်းကျည်များကျရောက်သဖြင့် အရပ်သားငါးဦး ဒဏ်ရာရသွားသည်ဆို၏။

စောစောပိုင်းကလည်း ဘဂ္ဂဒက်မြို့ရှိ ဘုရားကျောင်းများကို တစ်ပြိုင်တည်းကားဗုံးပေါက်ကွဲမှု ငါးခုဖြစ်ပွားရာ အီရတ် ၁၂ ဦးခန့် ဒဏ်ရာရသွားသည်။

အမ်အင်အေ၊ရိုက်တာ

တရုတ်နှစ်ကူးပွဲတော်မတိုင်မီ မီးရထားဖြင့် ခရီးသွားသူများလာ

ပေကျင်း ဖေဖော်ဝါရီ ၁

တရုတ်နိုင်ငံတွင် နှစ်ကူးပွဲတော်မတိုင်မီ မီးရထားဖြင့် ခရီးသွားလာကြသည့် တရုတ်နိုင်ငံသားဦးရေမှာ ယခင်နှစ်ကထက် ယခုနှစ်တွင် လူဦးရေငါးသန်းခန့် ပိုမိုသွားလာခဲ့ကြသည်ဟု တရုတ်နိုင်ငံမီးရထားဝန်ကြီးဌာနမှ သတင်းထုတ်ပြန်သည်။

နှစ်ကူးပွဲတော်ရက်မတိုင်မီ ၁၄ ရက်အတွင်း ဇန်နဝါရီ ၂၇ ရက် သောကြာနေ့အထိ တရုတ်နိုင်ငံတစ်ဝန်း၌ ပြည်သူ ၄၉ သန်းခန့် မီးရထားဖြင့် ခရီးသွားလာခဲ့ရာ ယခင်နှစ်များကထက် လူဦးရေ ၄ ဒသမ ၈၆၂ သန်း များပြားလာခဲ့သည်။

ယခုကဲ့သို့ ခရီးသွားပြည်သူများ တိုးတက်များပြားမှုမှာ လွန်ခဲ့သည့်နှစ်ကထက် တစ်နေ့လျှင် ၃၄၇၀၀၀ တိုးတက်များပြားကာ နေ့စဉ်ပြည်သူ ၃ ဒသမ ၅၂၈ သန်းခန့် ခရီးသွားလာခဲ့ကြသည်ဟု အဆိုပါဝန်ကြီးဌာနမှ ထုတ်ပြန်သော သတင်း၌ ဖော်ပြထားသည်။

ထို့အတူ မီးရထားဖြင့် ခရီးသွားသူ တရုတ်နိုင်ငံသားဦးရေမှာလည်း ယခင်နှစ်များကထက် အဆပေါင်းများစွာ များပြားခဲ့ကြောင်းသိရသည်။

အမ်အင်အေ၊ဆင်ဟွာ

တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင် ကြက်ဆူပင်ပေါက်များရှင်သန်ဖြစ်ထွန်းမှု ကြည့်ရှု စနစ်တကျစိုက်ပျိုးအောင်မြင်ရေး တာဝန်ရှိသူများအား ညှိနှိုင်းဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၁

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်သည် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၃၀ ရက် နံနက်ပိုင်းက လားရှိုးမြို့ တိုင်းစစ်ဌာနချုပ်၏ ခြံစည်းရိုးကြက်ဆူပင် မျိုးသန့်မျိုးပွားစိုက်ခင်းသို့ သွားရောက်၍ ထပ်မံရောက်ရှိလာသော ကြက်ဆူမျိုးသန့် ကိုင်းပျိုးပင်များကို စစ်သည်များနှင့်အတူ လက်ဆင့်ကမ်း သယ်ဆောင်ပြီး ကိုင်းပျိုးပင်များကို စနစ်တကျ ထိန်းသိမ်းဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးသည် ကြက်ဆူမျိုးသန့် ကိုင်းပျိုးပင် ခြောက်သောင်း ထပ်မံရောက်ရှိ စုဆောင်းထားရှိမှုနှင့် စံပြပျိုးဥယျာဉ်အတွင်း ကြက်ဆူပျိုးပင်ပေါက်များ ရှင်သန်ဖြစ်ထွန်းနေမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် တိုင်းစစ်ဌာနချုပ်၏ ကြက်ဆူပင်မျိုးသန့် မျိုးပွားသုတေသန စိုက်ခင်းသို့လည်းကောင်း၊ ကြက်ဆူပင်မျိုးသန့် မျိုးပွားစံပြဧက ၁၀၀ စိုက်ခင်းနှင့် စံပြ ပျိုးဥယျာဉ်သို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ကြက်ဆူပင်များ စနစ်တကျစိုက်ပျိုးဖြစ်ထွန်းအောင်မြင်ရေးအတွက် တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြား ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် လားရှိုးမြို့အဝင်၌ လိုဏ်စနစ်ဖြင့် တည်ထားကိုးကွယ်မည့် ရွှေတိဂုံပုံတူ ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော်အဝင် မုခ်ဦးတည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုနှင့် စေတီတော် တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဖူးမြော်ကြည်ညို

ဆက်လက်၍ တိုင်းမှူးသည် စေတီတော်ပရိဝုဏ်အနီး စိမ်းလန်းသာယာလှပရေးအတွက် နှစ်ရှည်ပင်နှင့် ကံ့ကော်ပင်များ စိုက်ပျိုးဖြစ်ထွန်းနေမှုကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီးနောက် လားရှိုးမြို့ သာသနာ့၂၅၀၀ ပြည်လုံးချမ်းသာစေတီတော်သို့ သွားရောက်၍ ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုသည်။

ထို့နောက် တိုင်းမှူးသည် စေတီတော်အား လှည့်လည်ကြည်ညို၍ တာဝန်ရှိသူများအား ရွှေထီးတော်နှင့် စေတီလုံးတော်များတွင် ရွှေဆေး သင်္ကန်းကပ်လှူပူဇော်ရေး၊ စေတီတော်ရင်ပြင်တွင် ကြွေပြားခင်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ရန် မှာကြားသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ တိုင်းမှူးသည် သာသနာ့၂၅၀၀ ကျောင်းတိုက်၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တကေသလအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး စေတီတော်ဘက်စုံပြင်ဆင်မွမ်းမံရေးနှင့် စပ်လျဉ်း၍ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် တိုင်းမှူးသည် လားရှိုးမြို့ အစိုးရကွန်ပျူတာကောလိပ် အစည်းအဝေးခန်းမ၌ နည်းပြဆရာ၊ ဆရာမများအား တွေ့ဆုံရာ ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဒေါ်နန်းစိုးစိုးအောင်က ယာယီကျောင်းအဆောက်အအုံများ အခြေအနေနှင့် လုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စာသင်ခန်းများ အခြေအနေကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သဃ်္ဃန်းကျွန်းမြို့နယ် ဆ/ခ ရပ်ကွက် ရွှေဟောင်းသမိုင်းဝင် ကျိုက် ဒေးယျုံ(ရန်ကုန်) အာနန္ဒာစေတီတော်မြတ်ကြီး၏ အကြိမ်(၃၀)မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၅ ရက်က ဘုရားကြီး ရင်ပြင်၌ကျင်းပရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစံလှနှင့် မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်ဝေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (က–

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

✳ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။

✳ တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး။

✳ ပြည်ထောင်စုကြီး ထာဝရ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။

✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး။

✳ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

အမှတ်(၁)စက်မှုဝန်ကြီး ဦးအောင်သောင်း ဈေးရောင်းပွဲတော် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁

၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် အမှတ်(၁) စက်မှုဝန်ကြီးဌာနက ဈေးရောင်းပွဲတော်ကို ရန်ကုန်တိုင်း ဗဟန်းမြို့နယ် စက်မှု(၁)လမ်းရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာနဝင်းအတွင်း၌ ကျင်းပလျက်ရှိရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့်အတူ ယနေ့ညနေပိုင်းတွင် ရောက်ရှိ၍ စက်မှု(၁) ဈေးရောင်းပွဲတော်၌ စက်မှု(၁) ထုတ်ကုန်ပစ္စည်းများ ရောင်းချနေသော အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ကြည့်ရှုလေ့လာ

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဈေးရောင်းပွဲတော်တွင် စက်မှု(၁) ထွက်ကုန်ပစ္စည်း အမယ်ပေါင်း ၃၃၃ မျိုးကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချလျက်ရှိပြီး ဈေးဝယ်သူများ စည်ကားလျက်ရှိသည်ကို လှည့်လည်ကြည့်ရှု အားပေးသည်။

အဆိုပါဈေးရောင်းပွဲတော်တွင် စက်မှု(၁)မှထုတ်လုပ်သည့် လူသုံးကုန်ပစ္စည်း ၃၃၃ မျိုးကို အထူးဈေးနှုန်းဖြင့် လက်လီလက်ကားရောင်းချပေးလျက်ရှိပြီး မည်သူမဆို လာရောက်ဝယ်ယူနိုင်ကြောင်းနှင့် ဈေးရောင်းပွဲတော် လာရောက်သူများအား အပန်းပြေစေရန် စင်တင်တေးဂီတများဖြင့် သီဆိုဖျော်ဖြေပေးမည်ဖြစ်ပြီး စားသောက်ဆိုင်များလည်း ဖွင့်လှစ်ရောင်းချပေးမည်ဖြစ်သည်။

စည်ကားသိုက်မြိုက်

အထူးဈေးရောင်းပွဲတော်ကို ယနေ့မှ ဖေဖော်ဝါရီ ၅ ရက်အထိ နေ့စဉ် နံနက် ၁၀ နာရီမှ ည ၈ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၂၈ရက်က ပုလောမြို့နယ်အသင်း (ရန်ကုန်)၏ အကြိမ်(၅၀)မြောက် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားကို ရွှေတိဂုံဘုရားအရှေ့မုခ်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးခမ်းမ၌ ကျင်းပရာ တက္ကသိုလ်ဝင်တန်း မြန်မာ တစ်နိုင်ငံလုံး ဒသမဆုရ ခြောက်ဘာသာဂုဏ်ထူးရှင် မနှင်းဟေမာအား ဦးဆောင်နာယက ဦးပေါ်နိုင်က ချီးမြှင့်ငွေ ကျပ်တစ်သိန်း ပေးအပ်စဉ်။ (မြန်မာ့အလင်း)

ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်) ရွှေရတုသဘင်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

ဒိုက်ဦးမြို့နယ်အသင်း (ရန်ကုန်) နှစ်(၅၀)ပြည့် ရွှေရတုသဘင်ပွဲ (၂၅) ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲများကို ဖေဖော်ဝါရီ ၂၆ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ပန်းဘဲတန်းမြို့နယ် သိမ်ကြီးဈေး မဟာသိမ်တော်ကြီး ခမ်းမ၌ကျင်းပမည် ဖြစ်သည်။

အသက်(၇၅)နှစ်ပြည့်ပြီး ကန်တော့ခံ အသင်းဝင်ပုဂ္ဂိုလ်များ၊ ၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ထားသူ၊ ရန်ကုန်မြို့မှ အသင်းဝင်များ၏ သားသမီးများ၊ ဒိုက်ဦးမြို့နယ်မှ အမှတ်အများဆုံး သုံးဦးနှင့် ဆရာဦးပု၊ ဆရာဦးချစ်ဆွေ၊ ဆရာမ ဒေါ်အေးကြည်၏ ပညာသင်ထောက်ပံ့ကြေးဆု ရရှိရန် အတည်ပြုထားသော ဒိုက်ဦး အထကမှ အောင်မြင်သည့် ကျောင်းသား ကျောင်းသူများ၏ စာရင်းကို ဖေဖော်ဝါရီ ၁၀ ရက် နောက်ဆုံးထား၍ နာယက ဦးမောင်မောင်ငွေ ဖုန်း–၃၇၃၉၇၇၊ ဦးသောင်း(နာယက) ဖုန်း–၂၅၄၁၀၈၊ ဗိုလ်မှူးဘဝင်း(ငြိမ်း) (ဥက္ကဋ္ဌ) ဖုန်း–၅၆၅၄၂၁၊ ၀၉ ၈၀ ၃၂၈၆၅၊ ဦးတင်နု (ဒုတိယဥက္ကဋ္ဌ) ဖုန်း–၅၈၄၂၆၆၊ ဦးစိုးဝင်း (တွဲဖက်အတွင်းရေးမှူး) ဖုန်း–၀၉–၅၀၀ ၁၀၄၆ တို့သို့ ဆက်သွယ် စာရင်းပို့ကြပါရန် အသင်းသူ အသင်းသားများအား ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

သာယာမည်

မန္တလေးမြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့ သာယာမည်။

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ
ထူထောင်ဖို့၊ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၆ ခုနှစ် ဇန်နဝါရီလ(၂၅)ရက်နေ့အထိ နိုင်ငံအဝန်းတွင်
ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်(၄၈၈၈၀)တိုက် ဖွင့်လှစ်ပြီး ဖြစ်ပါသည်။

ကျေးလက်နေ ပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

တနိုင်းလွင်ပြင်အား ကြက်ဆူလွင်ပြင်ဖြစ်ရေး ကြက်ဆူပင်များ တိုးချဲ့စိုက်ပျိုး ကြက်ဆူဆီအသုံးဝင်ပုံများ ပြည်သူများသိရှိလာအောင် သရုပ်ပြဆောင်ရွက်ပြသ

ရန်ကုန် ဖေဖော်ဝါရီ ၁

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်သည် ဇန်နဝါရီ ၂၈ ရက် နံနက်ပိုင်းက တနိုင်းမြို့ ဟူးကောင်းခန်းမ၌ တနိုင်းမြို့နယ်ရှိဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအားတွေ့ဆုံရာ မြို့နယ်ဥက္ကဋ္ဌ ဒုတိယရဲမှူးညီစိန်က တနိုင်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ကြက်ဆူပင်စိုက်ပျိုးရေးဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများက လုပ်ငန်းကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို အသီးသီးရှင်းလင်းတင်ပြကြသည်။

ထို့နောက်မြစ်ကြီးနားခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးဆွေက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ပစ္စည်းများထောက်ပံ့

ယင်းနောက် တိုင်းမှူးက တနိုင်းလွင်ပြင်အား ကြက်ဆူလွင်ပြင်ဖြစ်ရေး အတွက် ကြက်ဆူပင်များ တိုးချဲ့စိုက်ပျိုးရေး၊ ကြက်ဆူဆီအသုံးဝင်ပုံများကို တာဝန်ရှိသူများက ဒေသခံပြည်သူများသိရှိလာအောင် သရုပ်ပြဆောင်ရွက်ပြသရေး၊ တနိုင်းဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများ တက်ညီလက်ညီ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ကြရေး အကျယ်တဝင့် ရှင်းလင်းမှာကြားကာ တနိုင်းမြို့ ပြည်သူ့ဆေးရုံ လျှပ်စစ်မီးသွယ်တန်းရန်အတွက် ငွေကျပ်ငါးသိန်းကို တိုင်းမှူးကိုယ်စား မြစ်ကြီးနားခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးဆွေက မြို့နယ်ဆရာဝန်ထံပေးအပ်ပြီး ရွာချင်းဆက်တံတားဖြစ်သည့် မိုင်းခွန်ကျေးရွာချောင်းကူးတံတားတည်ဆောက်ရန်အတွက် ဘိလပ်မြေနှင့် ဆောက်လုပ်ရေးပစ္စည်းများထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဟူးကောင်းခန်းမအနီးရှိ ကြက်ဆူပင်ပျိုးဥယျာဉ်၌ ခြံစည်းရိုးကြက်ဆူပင်မျိုးစေ့ပေးအပ်ပွဲနှင့် ပျိုးထောင်ပွဲကို ဆက်လက်ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ တနိုင်းတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်အေးနှင့် မြစ်ကြီးနားခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးဆွေတို့က ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များအား ကြက်ဆူပင်ပျိုးကိုင်းနှင့် မျိုးစေ့အိတ်များပေးအပ်ပြီး ပျိုးဥယျာဉ်အတွင်း၌ တက်ရောက်လာကြသူများနှင့်အတူ ကြက်ဆူပျိုးကိုင်းပေါင်း ၁၀၀၀၀ နှင့် မျိုးစေ့ပျိုးပင် ၃၅၀၀၀ ကို စုပေါင်းပျိုးထောင်ပေးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ညှိနှိုင်းဆောင်ရွက်ပေး

ထို့မှတစ်ဆင့် တိုင်းမှူးသည် ဖားကန့်မြို့နယ် မြစ်ကြီးနား-နမ္မတီး-တနိုင်း-ပန်ဆောင်လမ်းပိုင်း မိုင်တိုင်အမှတ်(၆၀)အနီးရှိ ဒွန်ဘန်တံတားတည်ဆောက်ရေး လုပ်ငန်းခွင်သို့သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် တိုင်းမှူးသည် မိုးကောင်းမြို့နယ် သူဌေးကုန်းကျေးရွာအနီး၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့်ဌာနဆိုင်ရာများစုပေါင်းစိုက်ပျိုးထားသည့် ခြံစည်းရိုးကြက်ဆူပင် သုံးဧကအပင်၃၆၀၀စိုက်ခင်းသို့လည်းကောင်း၊ ကံလှကျေးရွာရုံးအတွင်း ကြက်ဆူပျိုးကိုင်းပင် ၅၀၀၀ ပျိုးထောင်ထားရှိမှုကိုလည်းကောင်း၊ နမ္မတီးချောင်းကူးတံတား(ကံလှ)တည်ဆောက်ရေးလုပ်ငန်းခွင်သို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မွန်ပြည်နယ် ပေါင်မြို့နယ် ဇင်းကျိုက်တောင်ဇေတိကာရုံကျောင်းတိုက်တွင် သီတင်းသုံးတော်မူသော ဆရာတော်ဘဒ္ဒန္တဉာဏဇေက ရန်ကုန်မြို့ မျက်စိအထူးကုဆေးရုံကြီး၌ လိုအပ်သည့်ဆေးဝါးများ ဝယ်ယူအသုံးပြုနိုင်ရန်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၃၀ ရက်က မျက်စိအထူးကုဆေးရုံခန်းမ၌ကျင်းပရာ လှူဒါန်းငွေကျပ်ငါးသိန်းကို ဆေးရုံအုပ်ကြီးကိုယ်စား ခေတ္တဆေးရုံအုပ်ကြီး ပါမောက္ခဒေါ်မြင့်ခိုင်က လက်ခံယူစဉ်။

(က-ပ)

ထေရဝါဒဗုဒ္ဓသာသနာပြုရဟန်းတော်များသင်တန်းနှင့် တိုင်းရင်းဆေးဖြင့်ကျန်းမာရေးစောင့်ရှောက်မှုသင်တန်းဆင်းပွဲများကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁

သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ထေရဝါဒဗုဒ္ဓသာသနာပြုရဟန်းတော်သင်တန်းအမှတ်စဉ်(၁၆)နှင့် တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုအခြေခံပညာပေးသင်တန်း အမှတ်စဉ်(၇/၂၀၀၆)ဆင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဘွဲ့နှင်းသဘင်ခမ်းမဆောင်၌ ကျင်းပသည်။

သီလခံယူဆောက်တည်

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏာဘိဝံသ ဆရာတော်ထံမှပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက်ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသဆရာတော်က သင်တန်းဆင်းဩဝါဒ ကထာ မြွက်ကြားသည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် တာဝန်ရှိသူများက ဆရာတော် အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် သင်တန်းဆင်းသံဃာတော်များအား သာသနာပြုရဟန်းတော် သင်တန်းဆင်း လက်မှတ်များ ဆက်ကပ်ခြင်း၊ တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုအခြေခံပညာပေး သင်တန်းဆင်းလက်မှတ်များ ဆက်ကပ်ခြင်းနှင့် ထူးချွန်သော သံဃာတော်များအား ဂုဏ်ပြုဆုများ ဆက်ကပ်ခြင်းနှင့်တိုင်းရင်းဆေးပညာ ဦးစီးဌာနမှ သင်တန်းနည်းပြ ဆရာများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်သည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်း အမှတ်(၃)ဝိုင်းတွင် သီတင်းသုံးအပူဇော်ခံလျက်ရှိသော ဆုတောင်းပြည့်ကြေးတော်ကြီးဘုရား ဂန္ဓကုဋိတိုက်ဆောက်လုပ်ရန်အတွက် ဇန်နဝါရီ ၂၂ ရက်က ကိုဝင်းဆွေ၊ ကိုရဲရင့်အောင်၊ ကိုထွေးသန်း၊ ကိုဗိုလ်ဗိုလ်အောင်၊ ကိုထွန်းထွန်းနိုင်၊ ကိုဗညားသီဟ၊ ကိုနိုင်မွန်စန်း သူငယ်ချင်းတစ်စုတို့က အလှူတော်ငွေကျပ်သုံးသိန်းကို ပေးအပ်လှူဒါန်းရာ ဆုတောင်းပြည့်ကြေးတော်ကြီးဘုရား သာသနာပြုဆရာတော် ဘဒ္ဒန္တရာဇိန္ဒနှင့် ဘုရားဒါယကာဦးသက် တို့က လက်ခံရယူစဉ်။ (က-ပ)

နတ်မောက်စက်မှုလက်မှု အထက(၁)အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁

နတ်မောက်စက်မှုလက်မှု အထက (၁) ရန်ကုန်ကျောင်းသားဟောင်းများ၏ နဝမအကြိမ်အာစရိယပူဇော်ပွဲနှင့်မိတ်ဆုံစားပွဲကို ဖေဖော်ဝါရီ ၄ ရက် (စနေနေ့)တွင် ဗဟန်းမြို့နယ် ရွှေကျင်ခမ္မာရုံ၌ နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။

ကျောင်းသားဟောင်းများသည် ဦးလှထွန်း(က) ဖုန်း-၀၉-၈၀-၂၂၉၅၊ ဦးဝင်းတင် ဖုန်း-၅၆၃၆၉၈၊ ၀၉-၈၀-၃၂၀၇၈၊ ဦးအုန်းမြင့်(ဒီဇယ်) ဖုန်း-၀၉-၅၁၀၇၇၄၀၊ ဦးစိုးတင့်(စိုးလျှပ်စစ်) ဖုန်း-၅၅၆၄၁၀၊ ဦးအေးကြူ ဖုန်း-၆၄၁၉၁၂၊ ဦးအုန်းသွင်၊ ဦးတင်မြင့် NPEG.Co., Ltd.ရုံးခန်း ဖုန်း-၅၅၆၇၅၄၊ ဦးတင်အေး ဖုန်း-၀၉-၅၁-၃၉၄၆၄၊ ဦးစိုးထွေး ဖုန်း-၅၈၁၇၈၆ နှင့် ဦးတင်ဝင်း(ပြည်) ဖုန်း-၀၅၃-၂၄၉၁၀ တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ကျိုက္ကစံဆံတော်ရှင်စေတီတော် ဗုဒ္ဓပူဇနိယပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်တွင် တည်ရှိသော သမိုင်းဝင်ကျိုက္ကစံဆံတော်ရှင် ဆုတောင်းပြည့်စေတီတော်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၀၆) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၆၇ ခုနှစ် တပို့တွဲလဆန်း ၁၃ ရက် (ဖေဖော်ဝါရီ ၁၀ ရက်)မှ တပို့တွဲလပြည့်ကျော် ၂ ရက် (ဖေဖော်ဝါရီ ၁၄ ရက်)အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဆွမ်းတော်ကြီးတင်လှူပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ၊ မြန်မာ့ရိုးရာ ထမနဲထိုးပွဲနှင့် မဟာဒုက်ဘုရားဖွင့်ပွဲများကို ကျင်းပမည်ဖြစ်ရာ တစ်ဦးချင်း အလှူရှင်များအနေဖြင့်သော်လည်းကောင်း၊ ဌာနဆိုင်ရာအလှူရှင်များနှင့် အသင်းအဖွဲ့အလှူရှင်များ သီးခြားနေရာ စီစဉ်ထားရှိပေးမည်ဖြစ်သည်။ ဆွမ်းဆန်အိတ်ဆန်၊ ဆီ၊ ဆားအပြည့်အစုံတစ်အိတ်ငွေကျပ် ၄၀၀၀၊ ထမနဲတစ်ဒယ် ငွေကျပ် ၈၀၀၀ နှုန်းဖြင့် ပါဝင်လှူဒါန်းလိုပါက ကျင်းပရေးကော်မတီ ဖုန်း-၅၆၄၀၂၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပေးအပ်လှူဒါန်း

မိဘနှစ်ပါးနှင့် မောင်လေးတို့အားရည်စူး၍ ဖခင်ကြီး ဦးကျော်စိန် ခြောက်နှစ်ပြည့်အလှူအဖြစ် အမှတ် ၃၇၁/က ဘုရင့်နောင်လမ်း ကြီးပွားရေးရပ်ကွက် သဃ်န်းကျွန်းမြို့နယ်နေ ဦးမြင့်ကြည်-ဒေါ်ယဉ်ယဉ်ကြူမိသားစုနှင့် ဦးမြင့်စိန်-ဒေါ်ကြည်ကြည်ဆွေမိသားစုတို့က ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်းပဒေသာပင် ကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဦးညွန့် လက်ခံယူစဉ်။

(က-ပ)

တွံတေးမြို့နယ်အသင်း သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁

တွံတေးမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၉ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီ၌ ရွှေတိဂုံဘုရားလမ်းတောင်ဘက်မုခ် မွန်ခမ္မာရုံတွင် ကျင်းပမည်ဖြစ်သည်။

အသင်းသားများ၏ သားသမီးများမှ ၂၀၀၃-၂၀၀၄၊ ၂၀၀၄-၂၀၀၅ ခုနှစ်များတွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူများ၊ နိုင်ငံတော်အဆင့်စာပေ၊ အားကစား၊ ဂီတ၊ သဘင်တို့တွင် ပထမ၊ ဒုတိယ၊ တတိယရသူများအား ဆုချီးမြှင့်နိုင်ရန်နှင့် သက်ကြီးပူဇော်ပွဲအတွက် (၇၅)နှစ်အထက် အသင်းသားများ၏ မိဘများအမည်စာရင်းကို ဖေဖော်ဝါရီ ၁၅ ရက်နောက်ဆုံးထား၍ ဒေါ်သင်းသင်း ဖုန်း-၅၆၅၈၈၁၊ ဦးလှသိန်း ဖုန်း-၅၇၈၆၇၁၊ ဦးချစ်လှိုင် ဖုန်း-၂၉၃၀၆၃၊ ၂၀၃၄၃၀၊ ဦးစန်းလွင် ဖုန်း-၂၂၅၂၂၇၊ ဒေါ်ကြင်ကြင် ဖုန်း-၂၀၀၁၂၊ ၂၀၀၁၃၊ လိုင်းခွဲ-၂၇၅၊ ဦးမောင်မောင်အေး ဖုန်း-၃၈၄၂၇၀၊ ဒေါ်လဲ့လဲ့ဝင်း ဖုန်း-၃၉၁၂၀၂၊ ၀၉-၈၀- ၃၀၄၇၄နှင့် နီးစပ်ရာအမှုဆောင်များထံ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။

(က-ပ)

မကွေးတိုင်း တောင်တွင်းကြီးမြို့ ပညာရောင်ခြည်သီလရှင်စာသင်တိုက်၏ အုတ်တံတိုင်းငါးခန်းအတွက် အလှူငွေကျပ်တစ်သိန်းကို ရွှေပြည်သာမြို့နယ် အမှတ်(၈)ရပ်ကွက် ဗိုလ်ချိန်ပန်းခြံလမ်းနေ ဦးသန်းမြင့်-ဒေါ်လှမြင့်မိသားစုကလှူဒါန်းရာ စာသင်တိုက်အကျိုးတော်ဆောင် ဒေါ်ပညာစာရီက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

(က-ပ)

တိုင်းမှူးဗိုလ်ချုပ်ကိုကို နွေစပါးနှင့်ကောက်ပဲသီးနှံ ပဲအမျိုးမျိုးစိုက်ပျိုးမှုစစ်ဆေး ဒေသတွင်းစိုက်ပျိုးရေးလုပ်ငန်းများတိုးချဲ့ပြီး လျာထားပြည့်မီရေးမှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၁

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၂၉ရက် နံနက်ရနာရီက အုတ်တွင်းမြို့နယ် မြင်းစုကျေးရွာနှင့် ထန်းတပင်မြို့နယ်သို့ ဆက်သွယ်ဆောက်လုပ်ထားသည့် စစ်တောင်းမြစ်ကူး(ယာယီ)တံတားသို့ သွားရောက်၍ တံတားကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆွေးနွေးမှာကြား

ထို့နောက် တိုင်းမှူးသည် ထန်းတပင်မြို့နယ်၊ ဆိပ်ကြီးကျေးရွာအုပ်စု၌ နွေစပါး စိုက်ပျိုးဆောင်ရွက်မှုနှင့် ဆောင်းသီးနှံ ပဲအမျိုးမျိုး စိုက်ပျိုးထားရှိမှု အခြေအနေများကို သွားရောက် ကြည့်ရှုစစ်ဆေးရာ မြို့နယ်ဥက္ကဋ္ဌဦးမြင့်ဆွေနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း တင်ပြပြီး တိုင်းမှူးက နွေစပါးသတ်မှတ်လျာထားချက်ပြည့်မီအောင် စိုက်ပျိုးရေး ဆွေးနွေးမှာကြားသည်။

ယင်းနောက် တိုင်းမှူးသည် ဆိပ်ကြီးကျေးရွာအနီးရှိ ဆိပ်ကြီးလျှပ်စစ်မြစ်ရေတင်လုပ်ငန်းသို့ သွားရောက်၍ စစ်တောင်းမြစ်မှ လျှပ်စစ်မြစ်ရေတင်စနစ်ဖြင့် ဆိပ်ကြီးပင်မမြောင်းမှနေ၍ စိုက်ပျိုးမြေဧရိယာများသို့ ရေပေးဝေနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် ထန်းတပင်မြို့နယ် (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံသို့ရောက်ရှိ ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် မြို့နယ်ပျိုးဥယျာဉ်၌ကျင်းပသော ထန်းတပင်မြို့နယ် ခြံစည်းရိုးကြက်ဆူပင်ပျိုးထောင်ပွဲသို့ တက်ရောက်အားပေး၍ ကြက်ဆူပင်မျိုးအိတ်များကို မြို့နယ်ဥက္ကဋ္ဌနှင့် လူမှုရေးအသင်းအဖွဲ့များအား ပေးအပ်သည်။

စုပေါင်းပျိုးထောင်

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကြက်ဆူမျိုးစေ့များ၊ မျိုးကိုင်းများကို ပျိုးအိတ်များအတွင်း စတင်ပျိုးထောင်စိုက်ပျိုးပေးပြီး တက်ရောက်လာကြသူများ၏ ကြက်ဆူမျိုးစေ့ ၁၂၀၀၀၀နှင့် မျိုးကိုင်း ၅၀၀၀၀ ကျော်တို့အား တပျော်တပါး စုပေါင်းပျိုးထောင်မှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ထန်းတပင်မြို့နယ်အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ရာ Learning Centreခန်းမ၌ ကျောင်းအုပ်ဆရာမကြီး ဒေါ်နုနုက ပညာရည်မြင့်မားရေး ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းပညာရေးမှူး ဦးသုခက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးက ပညာရေးမြှင့်တင်မှုလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ရေးနှင့် ကျောင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သန့်ရှင်းသပ်ရပ်ရေး ဆောင်ရွက်ရန် မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေး၍ ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုသည် ထန်းတပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး သီရိမင်္ဂလာခန်းမ၌ တိုင်း၊ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအားတွေ့ဆုံရာ ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့်တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးက ဒေသတွင်း စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ ခြံစည်းရိုး ကြက်ဆူပင်ကို ဒေသအလိုက် လျာထားချက်ပြည့်မီအောင် စိုက်ပျိုးဆောင်ရွက်ကြရေး အခြေအနေများနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းမှာကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂျာမနီနိုင်ငံသမ္မတဟောင်း ကွယ်လွန်ခြင်းအတွက် ဝန်ကြီး ဦးဉာဏ်ဝင်း ဝမ်းနည်းကြောင်းလက်မှတ်ရေးထိုး

ရန်ကုန် ဖေဖော်ဝါရီ ၁

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် ယနေ့ နံနက် ၁၁နာရီ ၄၅မိနစ်တွင် ဗဟန်းမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်လမ်းရှိ ဂျာမနီသံရုံးသို့ သွားရောက်၍ ဇန်နဝါရီ ၂၇ရက်တွင် ကွယ်လွန်သွားသော ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ သမ္မတဟောင်း Dr. Johannes Rau အတွက် ဖွင့်လှစ်ထားသည့် ဝမ်းနည်းကြောင်း အထိမ်းအမှတ်စာအုပ်တွင် လက်မှတ်ရေးထိုးသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

စာအောင်သံဃာများအား ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ကြီးနှင့် မင်းကွန်းတိပိဋကဓရဆရာတော်ကြီးတို့ စတင်တည်ထောင်၍ အဂ္ဂမဟာပဏ္ဍိတ တိပိဋကဓရ (D.Litt, Ph.D)ဒေါက်တာဘွဲ့ရ ဆရာတော်ကြီးများ၏ဩဝါဒခံ နိကာယ်သာသနာတော်ထွန်းကားရေး အသင်းကြီး၏ (၃၁)ကြိမ်မြောက် နိကာယ်ငါးရပ် စာပြန်ပျောက်မေးပွဲကြီးတွင် နိကာယဓမ္မောတက တိပိဋကဓရ ဘွဲ့ရ စစ်ကိုင်းမြို့ သုဗောဓာရုံကျောင်းတိုက်မှ အရှင်အဘိဇာတာဘိဝံသနှင့် စာအောင်သံဃာတော်များအား ပူဇော်ပွဲကျင်းပနိုင်ရန်အတွက် ငွေပဒေသာပင်များနှင့် ဆွမ်းကွမ်းထာဝရပဒေသာပင်နှင့် စာပြန်ပျောက်မေးပွဲဆုနှင်းသဘင် ပဒေသာပင်များ စိုက်ထူလှူဒါန်းနိုင်ကြောင်းနှင့် ပဋ္ဌနိကာယသာသနာ့ဗိမာန်ကျောင်းတိုက် ကန်ဘဲ့ဘူတာရုံလမ်း ရန်ကင်းမြို့နယ် ဖုန်း-၅၆၄၄၅၅သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ကျွန်းကုန်းတံတား တည်နေရာရွေးချယ်ထားမှု ဆောက်လုပ်ရေးဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ဒုတိယဝန်ကြီးဦးတင့်ဆွေနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယမန်နေ့က မြောင်းမြ-အိမ်မဲလမ်းရှိ မိုင်တိုင်(၅၀)အပိုင်း၌ မြေသားတာပေါင်တင်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး လမ်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရန် မှာကြားသည်။

တိုက်ရိုက်သွားလာနိုင်

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ဝါးခယ်မ-အိမ်မဲလမ်းရှိ ပြန်မလော့မြစ်ကို ဖြတ်သန်း၍ ဝါးခယ်မမြို့နယ်နှင့် အိမ်မဲမြို့နယ်တို့ကို ဆက်စပ်ပေးမည့် ကျွန်းကုန်းရွာ ဇက်ရေယာဉ်ဆိပ်ကမ်းအနီးရှိ ကျွန်းကုန်းတံတား တည်နေရာ ရွေးချယ်ထားရှိမှု တံတားအကြောင်းကို ကြည့်ရှုစစ်ဆေးပြီး မြေတိုင်းတာခြင်းနှင့် မြေစမ်းသပ်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ရန်မှာကြားသည်။ ယင်းကျွန်းကုန်းတံတား တည်ဆောက်ပြီးပါက ဝါးခယ်မ-ကျွန်းကုန်း-ရွာသစ်-မြင်းကဆိပ်-ပုသိမ်လမ်းသည် ၅၅မိုင် သုံးဖာလုံ ရှိရာ ဝါးခယ်မမှ ပုသိမ်သို့ ဇက်ရေယာဉ်ကူးရန်မလိုဘဲ အချိန်တိုအတွင်း တိုက်ရိုက် သွားလာနိုင်မည် ဖြစ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဝါးခယ်မ-ရွှေလောင်း-ပန်းတနော်နှင့် ရန်ကုန်-ပုသိမ်လမ်း တစ်လျှောက်တို့၌ လမ်းပြုပြင်ထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ္စာဒီပကဝိပဿနာခုနစ်ရက်တရားစခန်းပွဲဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ်ဓမ္မာရုံကြီးတွင် (၆၃)ကြိမ်မြောက် ခုနစ်ရက် တရားစခန်းပွဲကြီးကို အလှူ့ဒါယကာဦးကျော်ဝင်း-အလှူ့ဒါယိကာမ ဒေါ်ဘေဘီဝင်း မိသားစုက မတည်၍ မူလကမ္မဋ္ဌာနာစရိယ ကျေးဇူးရှင်ဆရာကြီးဦးကြည်၏ဥပနိဿယအတိုင်း ဓမ္မာနုပဿနာ သတိပဋ္ဌာန်း ခုနစ်ရက်တရားစခန်းပွဲကြီးကို နာယက အဘလှိုင်အား အမှူးထား၍ ဆရာကြီး၏ အန္တေဝါသိကလက်ရင်းတပည့် ဓမ္မကထိကဆရာဦးသိန်းဆွေနှင့် အရံတရားဟောဓမ္မကထိကများက တပို့တွဲလဆန်း ၈ ရက်မှ ၁၄ ရက်အထိ(ဖေဖော်ဝါရီ ၅ ရက်မှ ၁၁ ရက်အထိ)ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူ ယောဂီများအနေဖြင့် ဖေဖော်ဝါရီ၄ ရက် ညနေ ၅ နာရီအရောက် သတင်းပို့ဝင်ရောက်နိုင်ကြကြောင်း သိရသည်။ **(က-ပ)**

ပခုက္ကူအသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၉ ရက်က ရွှေတိဂုံမြောက်ဘက်မုခ်ရှိ အသင်းဓမ္မာရုံတွင် ကျင်းပရာ အသင်းဝင်များက သက်ကြီးအသင်းဝင်များအား ပူဇော်ကန်တော့ကြစဉ်။ (၃၅၂)

မိတ်ဆွေများ တိုးတက်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

မိတ်ဆွေများ ဖွံ့ဖြိုးတိုးတက်ရေးအသင်း၏နှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ၅ ရက်(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် အသင်းတိုက်တည်ရှိရာ အမှတ် ၃၅၇ အထက်ပုဇွန်တောင်လမ်း စက်ဆန်းရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(က-ပ)**

ဒဂုံမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်စည်းဝေး အမှုဆောင်အဖွဲ့သစ် ရွေးချယ်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁

ဒဂုံမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၂၀၀၅ခုနှစ် နှစ်ပတ်လည် အစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲကို ဇန်နဝါရီ ၂၉ရက် နံနက်၉နာရီက မြို့နယ်ခန်းမ၌ကျင်းပရာ သဘာပတိဥက္ကဋ္ဌ ဒေါ်နုနု(နုနု-စာပေဗိမာန်)က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို အတွင်းရေးမှူး ဦးမောင်မောင်စန်း (စန်းနီလာဝင်း)ကလည်းကောင်း၊ ဘဏ္ဍာရေးရှင်းတမ်းကို ဘဏ္ဍာရေးမှူး ဒေါ်ခင်မြင့်သန်း(အစောထွေး)က လည်းကောင်း ဖတ်ကြားတင်ပြကြရာ အစည်းအဝေးက အတည်ပြုကြသည်။

ဆက်လက်၍ အမှုဆောင်အဖွဲ့သစ် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရာ ဥက္ကဋ္ဌ ဒေါ်နုနု(နုနု-စာပေဗိမာန်)၊ ဒုတိယဥက္ကဋ္ဌ ဦးလှမောင်(အောင်ချိန်ဘွား)၊ အတွင်းရေးမှူး ဦးဇော်မင်းထိန်(ကြည်ဇော်)၊ ဘဏ္ဍာရေးမှူး ဒေါ်နီနီအေး(ရှင်နီ)တို့ပါဝင်သည့် အမှုဆောင် အဖွဲ့ဝင်ခုနစ်ဦးတို့ကို ရွေးချယ်ကြပြီး ညီလာခံကိုယ်စားလှယ်အဖြစ် ဥက္ကဋ္ဌနှင့်အတွင်းရေးမှူးတို့ကို ရွေးချယ်ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

အတွေ့အကြုံများအပေါ်အခြေခံ ဘဏ်လုပ်ငန်းဖွံ့ဖြိုးရေးတက်ညီလက်ညီဆောင်ရွက် ဘဏ်လုပ်ငန်းဆိုင်ရာ ပြည်တွင်း၊ပြည်ပသတင်းအချက်အလက်နှင့် ပညာရပ်များလေ့လာ

ရန်ကုန် ဖေဖော်ဝါရီ ၁

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့တို့၏ (၇၈)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်၍ အမှာစကားပြောကြားသည်။ (အောက်ပုံ)

တက်ရောက်

အဆိုပါ အစည်းအဝေးသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ နိုင်ငံတော်ပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်တို့မှ ဥက္ကဋ္ဌများ၊ အုပ်ချုပ်မှုဒါရိုက်တာများနှင့် အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာဝန်ကြီးဗိုလ်ချုပ်လှထွန်းက အမှာစကား ပြောကြားရာတွင် ဘဏ်များအားလုံးသည် ယခင်အတွေ့အကြုံများအပေါ် အခြေခံပြီး ဘဏ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီ ဆောင်ရွက်သွားကြရန်ဖြစ်ပြီး၊ သတ်မှတ်ထားသောဥပဒေ၊ နည်းဥပဒေ၊စည်းမျဉ်းညွှန်ကြားချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ဘဏ်လုပ်ငန်းများ စဉ်ဆက်မပြတ် တိုးတက်ထွန်းကားစေရန်အတွက် ဘဏ်များတွင် Research & Development Section များထူထောင်ထားပြီး ဘဏ်လုပ်ငန်းဆိုင်ရာ ပြည်တွင်း၊ ပြည်ပသတင်းအချက် အလက်များနှင့် ပညာရပ်ဆိုင်ရာများကို ဆည်းပူးလေ့လာကြရန်လိုအပ်ကြောင်း၊ ငွေကြေးခဝါချမှု ကာကွယ်တားဆီးရေးဆိုင်ရာ အမိန့်နှင့် ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများကို တိကျစွာလိုက်နာဆောင်ရွက် ကြရန်မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ပါဝင်ဆွေးနွေး

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်တို့က ပါဝင်ဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံဘဏ်များအသင်းမှ တာဝန်ရှိပုဂ္ဂိုလ်များက တင်ပြရန်ရှိသည်များကို ဆွေးနွေးတင်ပြကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သဲအင်းဂူ ခုနစ်ရက် တရားစခန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် အမှတ်(၅)ရပ်ကွက် အမှတ်(၄) ဝိုင်း ဓမ္မရောင်ခြည် သဲအင်းဂူ ကမ္မဋ္ဌာန်းကျောင်းတွင် ကျေးဇူးတော်ရှင် မူလသဲအင်းဂူ ဆရာတော်ကြီး၏ သားတပည့် ဖြစ်သော အရှင်ပဏ္ဍာဝံသ (မိဂလုံ) ဆရာတော်က ခန္ဓာကိုယ်တွေ့သမထ ဝိပဿနာ တရားတော်များကို ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၈ရက်အထိ ဟောကြားပြသ တရားစခန်းဖွင့် လှစ်မည်ဖြစ်သည်။

တရားစခန်းပွဲတွင် တရားစခန်းဝင်သူများအား အခမဲ့ အာဟာရဒါနဖြင့် ကျွေးမွေး ကျင်းပမည်ဖြစ်၍ လှူဒါန်းလိုသူများ အရဏ်ဆွမ်း၊ နေ့ဆွမ်းများ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရန်အောင်မြင်ဓမ္မာရုံ ဘုံငါးဆင့်ရွှေထီးတော်တင်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁

သာကေတမြို့နယ် ၂/တောင်ရပ်ကွက် ရန်အောင်မြင်ဓမ္မာရုံကြီးတွင် သာကေတ စက်မှုလက်မှုရပ်ကွက် ပါဠိကာရီပရိယတ္တိစာသင်တိုက်ကြီးနှင့် မှော်ဘီမြို့နယ် ကုလားကုန်းကျေးရွာ ပါဠိကာရီချမ်းမြေ့နန္ဒာပရိယတ္တိစာသင်တိုက်တို့၏ ဦးစီးပဓာန မဟာနာယက ဒီဃဘာဏက ဒီဃနိကာယကောဝိဒ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတအဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအင်္ဂိသဆရာတော်၏ ဩဝါဒကိုခံယူပြီး ရန်အောင်မြင်ဓမ္မာရုံ အကျိုးဆောင်များဦးဆောင်၍ ၂/တောင် ရပ်ကွက် ရန်ပြေအပိုင်မှ စေတနာရှင်များနှင့် တစ်ဦးချင်း စေတနာရှင်များ၏ စုပေါင်းအလှူဒါနဖြင့် ဖေဖော်ဝါရီ၂၅ရက်တွင် ဘုံငါးဆင့်ရွှေထီးတော်တင်လှူမည်ဖြစ်ရာ ဖိတ်စာ ရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် သူနာပြုတက္ကသိုလ် (ရန်ကုန်)သို့ အားကစားပစ္စည်းများပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၁

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ဇန်နဝါရီ ၃၁ရက် နံနက် ၉ နာရီက သူနာပြုတက္ကသိုလ်(ရန်ကုန်)ခန်းမ၌ ကျင်းပသော အားကစားဝန်ကြီးဌာနက သူနာပြုတက္ကသိုလ်(ရန်ကုန်)သို့ အားကစားပစ္စည်းများပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး အားကစားပစ္စည်းများကို ပေးအပ်သည်။

အခမ်းအနားသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် တာဝန်ခံ နာယကအဖွဲ့ဝင်များ၊ ဆေးသိပ္ပံပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်၊ သူနာပြုတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အားကစားပစ္စည်းများပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ အမှာစကား ပြောကြားပြီး အမေရိကန်ဒေါ်လာ ၅၈၀ တန်ဖိုးရှိ စားပွဲတင်တင်းနစ်၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ ဘောလုံးနှင့် ပိုက်ကျော်ခြင်း အားကစားပစ္စည်း စုစုပေါင်း၁၁မျိုးတို့ကိုပေးအပ်လှူဒါန်းရာ သူနာပြုတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာ ဒေါ်ခင်မေအုန်းကလက်ခံ၍ အမှတ်တရ လက်ဆောင်ပစ္စည်းကို ပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)**

ယင်းနောက် သူနာပြုတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်က ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခြံစည်းရိုးကြက်ဆူပင်အောင်မြင်ဖြစ်ထွန်းစေရန်အတွက် သတိပြုရန်အချက်များအကြံပြုနိုးဆော်ချက်

မြန်မာနိုင်ငံအနှံ့အပြားတွင် စက်သုံးဆီဖူလုံရေးအတွက် ဘိုင်အိုဒီဇယ်ထုတ်လုပ်ရန် ခြံစည်းရိုး ကြက်ဆူပင်များအား အစေ့မှသော်လည်းကောင်း၊ အကိုင်းမှသော်လည်းကောင်း စိုက်ပျိုးလျက်ရှိကြပါသည်။စိုက်ပျိုးလျက်ရှိသော ခြံစည်းရိုး ကြက်ဆူပင်များ အောင်မြင်ဖြစ်ထွန်းရန်လိုအပ်ပါသည်။

၁။ ခြံစည်းရိုး ကြက်ဆူပင်၏ ပင်စည်နှင့်အကိုင်းများသည် အခေါင်းရှိသဖြင့် မိုးကာလတွင် ကိုင်းဖြတ်ခေါင်နှိမ်မှုပြုပါက အပင်၏ ရှင်သန်မှုကိုထိခိုက်နိုင်ပါသည်။ မိုးရွာသွန်းမှု မရှိတော့သဖြင့် မိုးနှောင်းကာလတွင်သာ ကိုင်းဖြတ် ခေါင်နှိမ်မှု ပြုသင့်ပါသည်။

၂။ ခြံစည်းရိုးအဖြစ် စိုက်ပျိုးထားသော ခြံစည်းရိုး ကြက်ဆူပင်များအား မိုးနှောင်းကာလတွင် ကိုင်းဖြတ်လေ့ရှိကြပါသည်။ ကိုင်းဖြတ်တောက်ရာတွင် အပွင့်အသီးများရှိနေသော ကိုင်းဖြတ်ခြင်းကို ရှောင်ကြဉ်သင့်ပါသည်။

၃။ ဖြတ်တောက်ရရှိသော အကိုင်းများအား မြေတွင်တိုက်ရိုက်ချ၍ စိုက်ခြင်း၊ ပျိုးပေါင်ပျိုးထုပ်များနှင့်စိုက်ခြင်းတို့ ပြုလုပ်နိုင်ပါသည်။

၄။ မြေတွင် တိုက်ရိုက်ချ၍ စိုက်ပျိုးပါက အပင်ရှင်သန်ရန် သင့်တော်သော အစိုဓာတ်ရှိရန်လိုပါသည်။ပျိုးပေါင်၊ ပျိုးထုပ်များတွင် စိုက်ပျိုးပါကလည်း သင့်တော်သော အစိုဓာတ်ရှိရန်လိုပါသည်။

၅။ မိုးနှောင်းကာလသည် စိုက်ပျိုးမြေများတွင် အစိုဓာတ် ဆုတ်ယုတ်မှုရှိသည့်အတွက် လုံလောက်သော အစိုဓာတ်မရှိပါက ရေလောင်းရန်လိုအပ်ပါသည်။

၆။ ပျိုးပေါင်၊ ပျိုးအိတ်များတွင် ထည့်သွင်း စိုက်ပျိုးပါကလည်း သင့်တော်သည့် အစိုဓာတ်ရှိရန် ရေလောင်းသင့်ပါသည်။

၇။ စိုက်ပျိုးမြေများတွင် ရေစိမ့်အားမကောင်းပါက ရေဝပ်၍ အပင်များပျက်စီးနိုင်မှုကိုလည်း သတိပြုရန် လိုအပ်ပါသည်။

၈။ ခြံစည်းရိုး ကြက်ဆူပင်များအား မိုးဦးကျကာလတွင် စိုက်ပျိုးပါက အသင့်တော်ဆုံး ဖြစ်ပါသည်။

၉။ မိုးနှောင်းကာလတွင် စိုက်ပျိုးပါက မြေတွင်းအစိုဓာတ်မဆုတ်မီ စိုက်ပျိုးခြင်း၊ အလွယ်တကူ ရေလောင်းနိုင်သည့် စိုက်ပေါင်၊ ပျိုးအိတ်များနှင့် ပျိုးထောင်စိုက်ပျိုး၍ မိုးဦးကျကာလတွင် ရွှေ့ပြောင်းစိုက်ပျိုးခြင်းတို့ ဆောင်ရွက်သင့်ပါသည်။

၁၀။ စိုက်ပျိုးမှုစနစ်များနှင့် ပတ်သက်၍ အကူအညီရလိုပါက နီးစပ်ရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ရုံး၊ဌာနများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

စာအောင်ဆုနှင်းပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန်တိုင်းအနောက်ပိုင်းခရိုင် ကြည့်မြင်တိုင် မြို့နယ်လုံးဆိုင်ရာ ဝိနယာသီသ စာတော်ပြန်ပွဲကြီးကို ကြည့်မြင်တိုင်မြို့နယ် နတ်စင်လမ်းရှိ သာစုပရိယတ္တိစာသင်တိုက်ကြီးတွင် ဖေဖော်ဝါရီ၄ ရက်နှင့် ၅ရက်နေ့များတွင် ကျင်းပပြီး ၁၁ ရက်၌ စာအောင်ဆုနှင်းသဘင်ကို ကျင်းပမည်ဖြစ်သည်။

ကုသိုလ်ပါဝင် လှူဒါန်းလိုသူများ စာတော်ပြန်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းလှိုင်နှင့် အတွင်းရေးမှူး ဦးတိုးလှိုင်တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြို့နယ်တရားသူကြီးများ မွမ်းမံသင်တန်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁

တရားရုံးချုပ်က ဖွင့်လှစ်သော မြို့နယ်တရားသူကြီးများ မွမ်းမံသင်တန်း အမှတ်စဉ်(၄)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်၉နာရီတွင် တရားရုံးချုပ် အစည်းအဝေး ခန်းမ(၂)၌ကျင်းပရာ တရားသူကြီးချုပ် ဦးအောင်တိုးက တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးနှင့် တရားရုံးချုပ် တရားသူကြီးများ၊ တရားရုံးချုပ် ညွှန်ကြားရေးမှူးချုပ် ဦးစိုးညွန့်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသား သင်တန်းသူ ၅၆ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၀ ပတ် ကြာမြင့်မည်ဖြစ်သည်။ **(သတင်းစဉ်)**

တရားသူကြီးချုပ် ဦးအောင်တိုး မြို့နယ်တရားသူကြီးများ မွမ်းမံသင်တန်း အမှတ်စဉ်(၄) သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂-၂-၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓေ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၀၅ ၆။ အဆိုပြိုင်ပွဲ
- ၈:၁၀ ၇။ အကပဒေသာ
- ၈:၂၅ ၈။ အတီးပြိုင်ပွဲ
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Let's Go

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(သင်္ချာအထူးပြု) [သင်္ချာ]
- ၁၆:၅၅ ၅။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၁၇:၁၀ ၆။ အရေးပြိုင်ပွဲ
- ၁၇:၂၀ ၇။ မြန်မာစာ မြန်မာစကား
- ၁၇:၃၅ ၈။ အတီးပြိုင်ပွဲ
- ၁၇:၄၀ ၉။ **"အနန္တရာယ်ဆိုတာ လက်တစ်ကမ်းမှာ"** စိုးသူ၊ နန်းကလျာလှိုင်၊ ကျော်မင်းနောင်၊ ကောင်းဈာန်သစ်၊ ယင်းမာ (ဒါရိုက်တာ-စောစန္ဒာလှိုင်)
- ၁၇: ၁၀။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့်စိမ်းလန်းစေရမည်
- ၁၈:၀၀ ၁၁။ ညနေခင်းသတင်း
- ၁၈:၂၀ ၁၂။ မိုးလေဝသအခြေအနေ
- ၁၈:၂၅ ၁၃။ ရုပ်မြင်ရသတေးစုကဏ္ဍ
- ၁၈:၄၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ရောင်စဉ်မေတ္တာ"** (အပိုင်း-၁)
- ၁၉:၃၅ ၁၅။ ဝင်ငွေတိုး၍ဒေသဖွံ့ဖြိုးစေမည့် ဆင်းရွှေလီ
- ၁၉:၄၅ ၁၆။ အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှုအသွင်သဏ္ဌာန်နှင့် အနှစ်သာရ
- ၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နှင်းဆီအိပ်မက်"** (အပိုင်း-၃)

ပြည်မြို့နယ် ဓမ္မပါလ တောရကျောင်းအတွက်လှူဒါန်းနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့နယ် ရွှေတံခါးကွက်သစ် အပိုင်း(၄) ကန်ပြကန်အနီး ကန်သာယာတောင်တော်မြတ်တွင် အသစ်တစ်ဖန်ပြန်လည်တည်ဆောက်လျက်ရှိသော (ဓမ္မပါလတောရကျောင်းတော်)ကြီး ပြီးစီးအောင်မြင်ရေးအတွက် ရပ်ဝေးရပ်နီးမှ သဒ္ဓါကြည်လင် ပါရမီရှင်အပေါင်းတို့သည် ကျောင်းထိုင်ဆရာတော် ဦးကုသလ ကန်သာယာတောင်တော်မြတ် ဓမ္မပါလတောရကျောင်း ရွှေတံခါးကွက်သစ် အပိုင်း(၄) ပြည်မြို့နယ် ပဲခူးတိုင်း(အနောက်ပိုင်း) ဖုန်း ၀၅၃-၂၅၉၉၈သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အသိတရားနှင့် သတိထားပြီး မီးဘေးအန္တရာယ်ကို ဝိုင်းဝန်းကာကွယ်ကြပါ

မီးလောင်မှုတစ်ခုဖြစ်ပြီဆိုပါက အရေးကြီးဆုံးမှာ မီးလောင်မှုကို စတင်တွေ့ရှိသူ ပထမဦးဆုံးမီးသတ်သမားက မီးကို အချိန်မီ ငြိမ်းသတ်နိုင်မည်ဆိုလျှင် မီးကူးစက်လောင်ကျွမ်းခြင်းကို ကာကွယ် တားဆီးနိုင်မည်ဖြစ်ပြီး နိုင်ငံအတွင်း မီးလောင်ဆုံးရှုံးမှုများ လျော့နည်းသွားမည်ဖြစ်ပါသည်။

ပထမဦးဆုံး မီးသတ်သမားဆိုသည်မှာ မီးလောင်မှု ဖြစ်ပွားသည့် အနီးဆုံးပတ်ဝန်းကျင်တွင်ရှိသောသူများနှင့် မီးလောင်ခြင်းကို စတင်သိရှိသူပင် ဖြစ်ပါသည်။ မီးလောင်မှုတစ်ခု စတင်ဖြစ်ပြီဆိုလျှင် ပထမဆုံး စတင်သိရှိသူမှ မိမိတစ်ဦးတည်း ကြိုတ်၍ငြိမ်းသတ်ခြင်းမပြုဘဲ နီးစပ်ရာပတ်ဝန်းကျင်ကိုခေါ်ယူ အကူအညီတောင်းခံခြင်း၊ ဒုတိယအဆင့် နီးစပ်ရာကြားသိသူများကလည်း တစ်ယောက်တစ်လက်တစ်အားဖြင့် ရေပုံးကိုယ်စီဆွဲယူ၍ ဝိုင်းဝန်းငြိမ်းသတ်ပါက မီးလောင်မှုကြီးများကို အထိုက်အလျောက် တားဆီးနိုင်မည် ဖြစ်ပါသည်။

ကျေးလက်တောရွာများတွင် မီးလောင်မှုဖြစ်ပြီဆိုပါက ရေပုံးကိုယ်စီဆွဲ၍ ဝိုင်းဝန်းငြိမ်းသတ်ခြင်း၊ မီးကူးစက်နိုင်သောအိမ်များကို ကြိုတင်၍ဖျက်ထားခြင်းစသည်ဖြင့် မီးလောင်မှုကြီးထွားမလာစေရန် ကာကွယ်ကြပါသည်။ မီးသတ်ကားမရှိ၊ ကားလမ်းမရှိသော ကျေးလက်တောရွာများတွင် မီးလောင်ခြင်းကို စတင်သိရှိသူ ပထမဦးဆုံး မီးသတ်သမားတို့၏ ဝိုင်းဝန်းကာကွယ်ငြိမ်းသတ်မှုကြောင့် မီးကို လက်ဦးမှုရကာ မီးလောင်မှုကြီးများဖြစ်ပွားခြင်းမှ ကာကွယ်နိုင်ခဲ့သော အတွေ့အကြုံများ ရှိခဲ့ဖူးပါသည်။

မြို့ကြီးများတွင် မီးလောင်မှုဖြစ်ပေါ်ပါက ပထမဦးဆုံး မီးသတ်သမားများဖြစ်သည့် မီးလောင်မှု ဖြစ်ပွားရာ ပတ်ဝန်းကျင်မှ လူများသည် မိမိပိုင် ပစ္စည်းများ ကိုယ်စီယူ၍ ကြောက်လန့်တကြား ထွက်ပြေးတတ်သောကြောင့် မီးလောင်မှုမှာ မကြီးမားသင့်ဘဲ ကြီးမားခဲ့ရပါသည်။ မီးလောင်မှု စတင် ဖြစ်ပွားသည်နှင့်တစ်ပြိုင်နက် နီးစပ်ရာ ပတ်ဝန်းကျင်မှ လူတိုင်းသည် ရေပုံးကိုယ်စီဖြင့် ဝိုင်းဝန်းငြိမ်းသတ်ပါက မီးဦးကို ငြိမ်းစေနိုင်မည်ဖြစ်ပါသည်။ မီးစတင် လောင်ကျွမ်းချိန်တွင် မီးအရှိန်မကောင်း သေးသဖြင့် မကြောက်မလန့် သတ္တိရှိရှိ ဝိုင်းဝန်းငြိမ်းသတ်ပါက မီးညွန့်ကျိုးကာ မီးငြိမ်းစေနိုင်ပါသည်။

မီးကို မထိန်းနိုင်သည့်အချိန်မှ တတိယအဆင့် မီးသတ်သမားဖြစ်သော မီးသတ်တပ်ဖွဲ့သို့ အကြောင်းကြားမည်ဆိုလျှင် အချိန်၊ နေရာ အခြေအနေအရ မီးအလွယ်တကူ ငြိမ်းသတ်ရန် အခက်အခဲနှင့် ကြုံတွေ့နိုင်ပါသည်။ ထို့အပြင် မီးလောင်ပြင်အတွင်းသို့ မီးသတ်ကားများ လွယ်ကူစွာ ဝင်ထွက်နိုင်ရန် လမ်းများ ကျယ်ဝန်းမှုမရှိခြင်း၊ မီးလောင်မှု

မီးသတ်တပ်ဖွဲ့ဝင်တစ်ဦး

ဖြစ်ပွားသည့် အခါ မီးတားရန်နှင့် မီးဆက်လက် ကူးစက်မှုမရှိစေရန် တာဝန်ရှိသူ မီးသတ်တပ်ဖွဲ့ဝင်များက အဆောက်အအုံများ ကြို၍ ဖျက်ထားလိုလျှင် လက်မခံခြင်းစသော အချက်များကြောင့် မီးလောင်မှု မကြီးမားသင့်ဘဲ ကြီးမားပြီး ဆုံးရှုံးမှုများပြားခဲ့ကြောင်း တွေ့ရှိရပါသည်။

၂၈-၁၁-၂၀၀၅ရက်နေ့က လှိုင်မြို့နယ် (၁၃)ရပ်ကွက် ပန်းခြံကျောင်းလမ်း လမ်းသွယ်(၇)လမ်း အမှတ်(၂၁)နေအိမ်၌ ဘုရားမီးပူဇော်ထားသော ဖယောင်းတိုင်သည် ဓာတ်ဆီနှင့် ဖျော်စပ်ထားသော ဆေးပုံးထဲသို့ ပြုတ်ကျရာမှတစ်ဆင့် မီးကူးစက်လောင်ကျွမ်းရာ မီးဦးကို စတင်တွေ့ရှိသည့် ပထမအဆင့် မီးသတ်သမားများနှင့် ဒုတိယအဆင့် မီးသတ်သမားများအနေဖြင့် မီးကို မထိန်းနိုင်ခဲ့ခြင်း၊ မီးလောင်သည့်အချိန်သည် နေ့လယ်ပိုင်းအချိန်ဖြစ်၍ အပူချိန် မြင့်တက်နေခြင်း၊ ပတ်ဝန်းကျင်ရှိ အဆောက်အအုံများ၏ ၇၀ ရာခိုင်နှုန်းမှာ ဓနိမိုး၊ ထရံကာ၊ သစ်ဝါးခင်းများဖြစ်ပြီး နီးကပ်ဆက်စပ်နေခြင်း၊ လေတိုက်ခတ်မှုအားကောင်းနေခြင်း၊ လမ်းများမှာ မီးသတ်ယာဉ်ဝင်ထွက်နိုင်မှု အဆင့်မရှိဘဲ ကျဉ်းမြောင်းခြင်း၊ တစ်ဖက်ပိတ်လမ်းများ ရှိခြင်း၊ တဲအိမ် အများစုမှာ ပူးကပ်ဆောက်လုပ်ထားခြင်းတို့ကြောင့် မီးကူးစက်မှု လျင်မြန် ကြီးမားကျယ်ပြန့်ကာ အိမ်ခြေ၁၅၅၇လုံး၊ ဘုန်းကြီးကျောင်း နှစ်ကျောင်း၊ ဆွမ်းစားဆောင်တစ်ဆောင်၊ ဓမ္မာရုံတစ်ရုံ မီးလောင်ကျွမ်းခံရပြီး အိမ်ထောင်စု ၁၉၆၂စုမှ လူဦးရေ၆၇၅၄ဦးတို့ မီးဘေးဒုက္ခရောက်ခဲ့ရပါသည်။

မီးလောင်မှုဖြစ်ပေါ်ပါက မီးလောင်ပြင်သို့ ပထမဦးဆုံးရောက်ရှိလာသော မီးသတ်ယာဉ်သည် မီးလောင်မှု၏ မီးကူးစက်ပြန့်ပွားမှု မျက်နှာစာအပေါ် မူတည်ပြီး နေရာယူငြိမ်းသတ်ရသည်။ မီးလောင်မှုတွင် စီမံကွပ်ကဲသူသည် ထပ်မံရောက်ရှိလာသော မီးသတ်ယာဉ်များမှ ငြိမ်းသတ်ပက်ဖျန်းနေသောယာဉ်အား ရေမပြတ်အောင် လွန်းပျံစနစ်ဖြင့် ရေသယ်ယူငြိမ်းသတ်နိုင်ရေး စီမံရသည်။ မီးကူးနိုင်သည့် အမိုးအကာများ၊ လိုအပ်သော အဆောက်အအုံများကို ဖယ်ရှားနိုင်ရန်စီမံရသည်။ ထပ်မံရောက်ရှိလာမည့် အကူမီးသတ်ယာဉ်များဖြင့် မီးပြန့်ပွားနိုင်မည့်နေရာများကို သိရှိရန် နယ်မြေမြေပုံကျွမ်းကျင်ရပါသည်။ မီးသတ်ကားများ ဝင်လမ်း/ထွက်လမ်း လွယ်ကူစေရန် စီမံကွပ်ကဲရပါမည်။

ပြည်သူလူထုကလည်း မီးတောက်အား အပူရှိန် လျော့အောင် မီးသတ်တပ်ဖွဲ့၏ ပက်ဖျန်းခြင်းနှင့် မီးကူးစက်နိုင်သော အဆောက်အအုံများကို မီးမလောင်ခင် ကြိုတင်ပက်ဖျန်းခြင်းအပေါ် အသိရှိရှိ နားလည်ပေးသင့်ပါသည်။ မိမိတို့နေအိမ်နှင့် မိမိလိုချင်သော နေရာများအား ပက်ခိုင်းခြင်းများ မပြုသင့်ပါ။ မီးငြိမ်းသတ်နေသော မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ မီးကူးစက်လောင်ကျွမ်းနိုင်သော အမိုးအကာများ၊ အဆောက်အအုံများကို ဝိုင်းဝန်းဖျက်ပေးရန် လိုအပ်ပါသည်။ အထူးသဖြင့် မီးငြိမ်းသတ်ခြင်း နည်းစနစ်ကို နားမလည်ဘဲ ဝင်ရောက်မစွက်ဖက်သင့်ပါ။ ပြည်သူလူထုနှင့် မီးသတ်တပ်ဖွဲ့ တာဝန်ကိုယ်စီ တက်ညီလက်ညီ ဆောင်ရွက်နိုင်ပါလျှင် မီးလောင်မှုများအား ထိရောက်စွာ ဟန့်တားဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

သို့ဖြစ်၍ **"မီးလောင်မှုမဖြစ်ပေါ်စေရန် လူတိုင်းမှာတာဝန်ရှိသည်"** ဟူသော ဆောင်ပုဒ်နှင့်အညီ **မီးလောင်မှု လုံးဝ မဖြစ်ပေါ်စေရေးအတွက် ရပ်ကွက်တိုင်း ပညာပေးဟောပြောပွဲများ ပြုလုပ်ပေးခြင်း၊ မီးသုံးစွဲမှုအား အခါမလပ် စစ်ဆေးလှုံ့ဆော်သတိပေးခြင်း၊ အသိပညာပေးခြင်း၊ အိမ်တိုင်း၊ အိမ်တိုင်းတွင် မီးဘေးအန္တရာယ် ကာကွယ်ရေးပစ္စည်းများ အသင့်ထားရှိကြရမည် ဖြစ်ပါသည်။ ထို့အပြင် လူတိုင်းလူတိုင်း အချိန်တိုင်းတွင် မီးဘေးအန္တရာယ်ကို အသိတရားနှင့် သတိထား ကာကွယ်ကြပြီး မီးလောင်မှုဖြစ်ပွားပါကလည်း သတ္တိရှိရှိ လက်ဦးမှုရယူဝိုင်းဝန်းငြိမ်းသတ်၍ မီးသတ်တပ်ဖွဲ့ဝင်များအား ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မီးဘေးအန္တရာယ်ဆိုးကြီးမှ ကာကွယ် တားဆီးနိုင်**ကြရန် ရေးသားတင်ပြလိုက်ရပါသည်။ ။

မီးလောင်မှု လုံးဝမဖြစ်ပေါ်စေရေးအတွက် ရပ်ကွက်တိုင်း ပညာပေးဟောပြောပွဲများ ပြုလုပ်ပေးခြင်း၊ မီးသုံးစွဲမှုအား အခါမလပ် စစ်ဆေးလှုံ့ဆော်သတိပေးခြင်း၊ အသိပညာပေးခြင်း၊ အိမ်တိုင်း၊ အိမ်တိုင်းတွင် မီးဘေးအန္တရာယ် ကာကွယ်ရေးပစ္စည်းများ အသင့်ထားရှိကြရမည် ဖြစ်ပါသည်။ ထို့အပြင် လူတိုင်းလူတိုင်း အချိန်တိုင်းတွင် မီးဘေးအန္တရာယ်ကို အသိတရားနှင့် သတိထား ကာကွယ်ကြပြီး မီးလောင်မှုဖြစ်ပွားပါကလည်း သတ္တိရှိရှိ လက်ဦးမှုရယူ ဝိုင်းဝန်း ငြိမ်းသတ်၍ မီးသတ်တပ်ဖွဲ့ဝင်များအား ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မီးဘေးအန္တရာယ်ဆိုးကြီးမှ ကာကွယ်တားဆီးနိုင်။

ဝန်ကြီးဗိုလ်မှူးကြီး ဇော်မင်း ရန်ကုန်သမဝါယမဒီဂရီကောလိပ်စစ်ဆေး ဉာဏ်ရည်မြင့်မားသော လူငယ်များဖြစ်ရေး စေတနာထားသင်ကြားပေးရေးမှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၁

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းက သန်လျင်မြို့ရှိ ရန်ကုန်သမဝါယမဒီဂရီကောလိပ်သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ကောလိပ်ကျောင်းအုပ်ကြီး၊ ဆရာဆရာမများနှင့်တွေ့ဆုံရာ ကောလိပ်ကျောင်းအုပ်ကြီးက ရန်ကုန် သမဝါယမဒီဂရီကောလိပ်၏ သမိုင်းကြောင်းနှင့် လက်ရှိဆရာ ဆရာမ၊ ကျောင်းသား၊ကျောင်းသူများ အခြေအနေ၊ စာသင်ကြားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နဂါးမင်း ဆောက်လုပ်ရေးသမဝါယမ အသင်းဥက္ကဋ္ဌက ဥတ္တရဆောင်၏ စာသင်ခန်းမ Theatre ဆောက်လုပ်ပြီးစီးမှု ရာခိုင်နှုန်းနှင့် ဆက်လက်ဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက ဆရာဆရာမများ၏ အရည်အချင်းတိုးတက်မြင့်မားအောင် ဆောင်ရွက်ရေးနှင့် ကျောင်းသား ကျောင်းသူများအား ဗဟုသုတ ဉာဏ်ရည်မြင့်မား စဉ်းစားချင့်ချိန်နိုင်စွမ်းရှိသော၊ နိုင်ငံချစ်စိတ်နှင့်ပြည်ထောင်စုစိတ်ဓာတ်ပြည့်ဝသော လူငယ်များဖြစ်ရေး စေတနာထား၍ သင်ကြားလေ့ကျင့်ပေးရန် ဆွေးနွေးမှာကြားပြီး ဥတ္တရဆောင် တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

သမဝါယမဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်း ရန်ကုန် သမဝါယမဒီဂရီကောလိပ်တွင် ကျောင်းအုပ်ကြီးနှင့် ဆရာဆရာမများအား အမှာစကား ပြောကြားစဉ်။ (သမဝါယမ)

ပုညာရာမဆရာတော်တရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့ ရွှေကျောင်းဓမ္မာရုံ၌ ဖေဖော်ဝါရီ ၃ရက်မှ ၁၃ရက်အထိ ၁၀ရက် တရားစခန်းနှင့် မွန်ပြည်နယ် မော်လမြိုင်မြို့ မုဒုံ၌ ဖေဖော်ဝါရီ ၁၆ရက်မှ ၂၃ ရက်အထိ ခုနစ်ရက်စခန်းပွဲများကို ပုညာရာမဆရာတော် အရှင်ပုညာနန္ဒ (ဗဟုဇနဟိတဓရ နယ်လှည့် ဓမ္မကထိက)က မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာတရားများ ဟောကြားပြသမည်ဖြစ် ကြောင်း သိရသည်။ (က-ပ)

ကြက်ဆူဆီဖြင့် ဒီဇယ်အစားထိုး စမ်းသပ်အသုံးပြုမှုများ အောင်မြင်လျက်ရှိ အနာဂတ်စက်သုံးဆီလိုအပ်မှုနှင့် မိသားစုဝင်ငွေတိုးရေး ဖြည့်ဆည်းဆောင်ရွက် လျာထားချက်အပေါ် အရှိန်အဟုန်မြှင့်စိုက်ပျိုးနိုင်ရေး အကောင်အထည်ဖော်

ရန်ကုန် ဖေဖော်ဝါရီ ၁

ရမည်းသင်းခရိုင် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းပျိုးထောင်ပွဲအခမ်းအနားကို ဇန်နဝါရီ၂၃ရက် နံနက်၉နာရီခွဲက ပျော်ဘွယ်မြို့နယ် ရွာသာကျေးရွာ သစ်တောဦးစီးဌာန ပျိုးဥယျာဉ်တွင် ကျင်းပရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်အားပေးပြီး ကြက်ဆူပင်များပျိုးထောင်ပေးသည်။ (အပေါ်ပုံ)

အစီအစဉ်အရ ရမည်းသင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ကြည်ရှိန်က ရမည်းသင်းခရိုင်အတွင်း ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရန် လျာထားချက်အပေါ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တက်ရောက်လာကြသော ပြည်သူများအား မန္တလေးတိုင်းအတွင်း ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုး၊ ပျိုးထောင်ထားရှိမှု ဗီဒီယိုမှတ်တမ်းများကို ပြသသည်။

ပျိုးကိုင်းများပေးအပ်

ထို့နောက် တိုင်းမှူးက ပျော်ဘွယ်တပ်နယ်မှ ဗိုလ်မှူးချုပ်လှမြင့်၊ ပျော်ဘွယ်၊ ရမည်းသင်း၊ တပ်ကုန်း၊ ပျဉ်းမနားနှင့် လယ်ဝေးမြို့နယ်တို့မှ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ပျော်ဘွယ်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် စစ်မှုထမ်းဟောင်းအဖွဲ့များအား ခြံစည်းရိုးကြက်ဆူပင် လျာထားချက်အပေါ် အရှိန်အဟုန်မြှင့် စိုက်ပျိုးနိုင်ရေးအတွက် ကြက်ဆူပင် ပျိုးကိုင်းများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူးက နယ်မြေခံ ပြည်သူများအားတွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် မီမိတို့ကျေးရွာများတွင် အသုံးပြုလျက်ရှိသော လက်တွန်းထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက်၊ ရေစုပ်စက်၊ မီးစက်၊ မော်တော်ယာဉ်များတွင် ကြက်ဆူဆီဖြင့် ဒီဇယ်အစားထိုး၍ လက်တွေ့စမ်းသပ်အသုံးပြုမှုများသည် အောင်မြင်လျက်ရှိကြောင်း၊ ခြံစည်းရိုးကြက်ဆူပင်ကို မြေလွတ်မြေရိုင်းများ၊ အခြားသီးနှံစိုက်ပျိုးနိုင်ခြင်းမရှိသည့် မြေဆီသြဇာချို့တဲ့သည့်မြေများတွင် စိုက်ပျိုးခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အထောက်အကူဖြစ်ကြောင်း၊ မိသားစု ဝင်ငွေတိုးလာပြီး အနာဂတ် စက်သုံးဆီလိုအပ်မှုကို တစ်ပိုင်တစ်နိုင်ဖြည့်ဆည်းပေးနိုင်ကြောင်းနှင့် **"မိသားစုဝင်ငွေတိုးဖို့ ခြံစည်းရိုးကြက်ဆူ စိုက်ကြစို့"** ရည်ရွယ်ချက်အတိုင်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် မှာကြားသည်။

မှတ်တမ်းလွှာ

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ရမည်းသင်းခရိုင် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေစနစ်ဖြင့် ရမည်းသင်း မြို့နယ်ကျေးရွာများသို့ ရောင်းချပေးသော လယ်ယာ(၁၆)လက်တွန်းထွန်စက် ခြောက်စီး၏ မှတ်တမ်းလွှာများကို သက်ဆိုင်ရာတောင်သူများသို့ ပေးအပ်သည်။ ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် ပျိုးခြံအတွင်းတွင် ခြံစည်းရိုး ကြက်ဆူမျိုးကိုင်းများ၊ မျိုးစေ့များ စုဆောင်းထားရှိမှုနှင့် ရမည်းသင်းခရိုင် မြို့နယ်များ၏ ကြက်ဆူပင် ပျိုးထောင်စိုက်ပျိုးမှုမှတ်တမ်း ဓာတ်ပုံများအား ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် ရွာသာပျိုးခြံအတွင်း ပျိုးပင် ၁၂၀၀၀၀ ပျိုးထောင်ပြီးစီးမှု အထိမ်းအမှတ်အဖြစ် ကြက်ဆူပင်မျိုးကိုင်းနှင့် မျိုးစေ့များကို ပျိုးထောင်ပေးပြီး ပျိုးခြံအတွင်း၌ မျိုးကိုင်းများ၊ မျိုးစေ့များ ပျိုးထောင်ထားရှိမှု၊ မျိုးစေ့များ အပင်ပေါက်ရောက်ဖြစ်ထွန်းမှုနှင့် ခြံစည်းရိုးကြက်ဆူဆီ ၁၀၀ ရာခိုင်နှုန်းအသုံးပြု၍ လယ်ယာ(၁၆) လက်တွန်းထွန်စက်များ မောင်းနှင်သရုပ်ပြသမှုကို ကြည့်ရှုအားပေးခဲ့သည်။

ရမည်းသင်းခရိုင်တွင် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရန် ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ၄၁၉၈၂ ဧက၊ ၂၀၀၇-၂၀၀၈ခုနှစ်တွင် ၅၆၄၉၇ဧက၊ ၂၀၀၈-၂၀၀၉ခုနှစ်တွင် ၇၁၀၀၄ ဧက လျာထားဆောင်ရွက်ခဲ့ပြီး ၂၀၀၆-၂၀၀၇ခုနှစ်အတွက် မျိုးစေ့တင်း ၂၉၀ နှင့်သုံးပြည် စုဆောင်းထားပြီး မျိုးစေ့ဖြင့် ပျိုးထောင်ပြီး ၁၃၁၀၁၇၂ ပင်၊ မျိုးကိုင်းဖြင့်ပျိုးထောင်ပြီး ၁၃၆၃၃၂၅၇ ပင် စုစုပေါင်း ၁၄၉၆၃၆၂၉ ပင် ပျိုးထောင်ထားရှိကာ ဇန်နဝါရီ ၂၃ ရက်အထိ ၃၃၄၃ဒသမ၇၄ဧက စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စံပြမူကြိုဆရာအတတ်ပညာရေးသင်တန်းများဖွင့်လှစ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာန စံပြမူကြိုကြီးကြပ်ရေးကော်မတီအစည်းအဝေးကို ယနေ့နံနက်၁၀နာရီက ကမာရွတ်မြို့နယ် ပြည်လမ်းရှိ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနမှ တာဝန်ရှိသူများ၊ စံပြမူကြိုကြီးကြပ်ရေးကော်မတီဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ အစည်းအဝေးတွင် အစည်းအဝေးတက်ရောက်သူများက စံပြမူကြိုဆရာအတတ်ပညာရေးသင်တန်းများ ဖွင့်လှစ်ရေးနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

စံပြမူကြိုဆရာအတတ်ပညာရေးသင်တန်းအပတ်စဉ်(၈)ကို ဖေဖော်ဝါရီ ၁၆ရက်မှ မတ် ၁၁ရက်အထိနှင့် စံပြမူကြိုဆရာအတတ်ပညာရေးသင်တန်းအပတ်စဉ်(၉)ကို မတ် ၁၆ရက်မှ ဧပြီ ၈ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၄နာရီအထိ(တနင်္ဂနွေနေ့မပါ) မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတွင် ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ရာ သင်တန်းများသို့ တက်ရောက်လိုသူများသည် ဖေဖော်ဝါရီ ၃ရက်မှစ၍ အထက်ပါဌာနတွင် လျှောက်ထားနိုင်ကြသည်။

အဆိုပါသင်တန်းများတွင် မူကြိုပညာရေးနည်းပညာသင်ရိုးများကို လူမှုဝန်ထမ်းဦးစီးဌာန၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ ပူးပေါင်းရေးဆွဲထားသည့် သင်ရိုးများနှင့်အညီ အခြေခံပညာကျောင်းများမှ ဆရာ၊ဆရာမများနှင့် ပြင်ပမှ မူကြိုပညာရေးကို စိတ်ပါဝင်စားသူများအား သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ကမ္ဘာ့ကင်ဆာရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့
(၄-၂-၂၀၀၆)
"ကင်ဆာကင်းဝေး တို့ရင်သွေး၊ ဆောလျှင်မနှေး ကုသပေး"
"My Child Matters"
ကျန်းမာရေးဝန်ကြီးဌာန

ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)၏ တတိယအကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ၂၈ရက်က ရန်ကုန်မြို့ ဝါးတန်းလမ်း The Princess ရေပေါ်ဟိုတယ်၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးစန်းလွင်က ၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်တန်း သုံးဘာသာဂုဏ်ထူးရှင် မအေးစုမြတ်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က-ပ)

ပုသိမ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

ပုသိမ်အသင်း(ရန်ကုန်)က ကြီးမှူး၍ ပုသိမ်အသင်းဝင် အသက်၇၅နှစ်အထက် ကန်တော့ခံ ပုဂ္ဂိုလ်များ ပူဇော်ပွဲ ၊ ၂၀၀၄-၂၀၀၅ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း၌ ဂုဏ်ထူးဖြင့် အောင်မြင်သော ပုသိမ်အသင်းဝင်သား၊သမီးများ၏ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ ၁၉ ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရ လမ်းအမှတ် (၂၁/၄၃) စီရှိ ဇရာဝတီတိုင်းဓမ္မာရုံတွင် ကျင်းပမည်ဖြစ်သည်။ ကန်တော့ခံပုဂ္ဂိုလ်များသည် အဆိုပါနေ့တွင် တက်ရောက်မည်ဖြစ်ကြောင်းနှင့် မှတ်ပုံတင် မိတ္တူမှန်နှင့် ဂုဏ်ထူးဖြင့် တက္ကသိုလ်ဝင်တန်း အောင်မြင်သော ကျောင်းသား ကျောင်းသူများသည် အမှတ်စာရင်း ထောက်ခံချက်ကို ဖေဖော်ဝါရီ၁၂ရက် (တနင်္ဂနွေနေ့) နောက်ဆုံးထား၍ စာရင်းပေးပို့ကြရမည် ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ပုသိမ်အသင်း(ရန်ကုန်) ရာသက်ပန် အသင်းဝင်များ၊ သက်ကြီးကန်တော့ခံ ပုဂ္ဂိုလ်များ၊ ပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများ၊ နှစ်စဉ် ပညာသင် ထောက်ပံ့ကြေးဆုရ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုပါက ဥက္ကဋ္ဌ ဦးသန်းထွန်း ဖုန်း-၀၉၅၀၀၂၉၂၅၊ အတွင်းရေးမှူး ဦးစိုးဟန်လင်း ဖုန်း-၂၉၀၄၇၇၊ ဘဏ္ဍာရေးမှူး ဦးလေးတင့် ဖုန်း- ၂၂၁၉၇၈၊ ပုသိမ်အသင်း(ရန်ကုန်) ဖုန်း-၃၇၉၂၅၈ နှင့် အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၂-၂၀၀၆
(ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ဒေသဇရာအစားအစာ ပုသိမ်ဟာလဝါ
၇း၁၅	တေးဂီတအစီအစဉ်
၇း၂၀	ကချင်ပြည်နယ် မိုးကောင်းတံတား
၇း၃၀	Blazon Digital Vision
၇း၄၅	တေးဂီတအစီအစဉ်
၇း၅၀	ပြည်တွင်းသတင်းအကျဉ်း
၈း၀၀	မေ့ထားလို့တော့မဖြစ်ဘူး (နေအောင်၊ ထွန်းထွန်းဝင်း၊ ဥက္ကာမင်းမောင်၊ မြင့်မြင့်ခိုင်၊ သင်းသင်းယုလှိုင်)
၈း၂၅	တေးဂီတအစီအစဉ်
၈း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၃၅	မိုးလေဝသခန့်မှန်းချက်
၈း၄၀	ကွန်ချောင်းရေလှောင်တမံနှင့် နွေစပါး
၈း၅၀	တေးဂီတအစီအစဉ်
၈း၅၅	မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်၏ အောင်ပွဲရ အားကစားသမားများအား ဂုဏ်ပြုတည်ခင်း ညစာစားပွဲ
၉း၃၀	စိတ်ဝင်စားစရာ ပုလဲရတနာများ(အပိုင်း-၂)
၉း၄၅	တေးဂီတအစီအစဉ်
၉း၅၀	သွေးတိုးရောဂါနှင့် တိုင်းရင်းဆေးနည်းပညာ
၁၀း၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅	မြန်မာ-ထိုင်း ချစ်ကြည်ရေး ရေကူးသရုပ်ပြပွဲ
၁၀း၄၅	အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာများ(စာပေနှင့် အနုပညာဆိုင်ရာမူပိုင်ခွင့်) ဆွေးနွေးခန်း
၁၁း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၁၀	နိုင်ငံတကာ မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီး (ရွှေလင်းယုန်နှင့် သိုးရိုင်း)
၁၁း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅	ဝင်ငွေတိုး၍ ဒေသဖွံ့ဖြိုးစေမည် ဆင်းရွှေလီ (အပိုင်း-၂)
၁၁း၄၅	တေးဂီတအစီအစဉ်
၁၁း၅၀	သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းများ (အပိုင်း-၃)
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၁

သာသနာရေးဝန်ကြီးဌာန သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၁၀နာရီက ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ဦးစီးကော်မတီဝင်များ၊ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အစည်းအဝေးကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်သည်။

အမှာစကားပြောကြား

ထို့နောက် အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ရှင်းလင်းတင်ပြ

ယင်းနောက် အခမ်းအနားကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ သာသနာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုက လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က အမှာစကားပြောကြားသည်။

ပန်းတစ်ပွင့်တောင် ဆရာတော်တရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁

တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင်တောရ သာသနာ့နယ်မြေ ပဓာနနာယက ပန်းတစ်ပွင့်တောင်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ အရှင်ပညာသာရသည် ဖေဖော်ဝါရီ ၁၀ရက်တွင် မြောက်ဥက္ကလာပ ၁၂လမ်း မင်္ဂလာမဏ္ဍပ်၊ ၁၁ ရက်တွင် မှော်ဘီမြို့နယ် ဝါနက်ချောင်းရွာ ဦးအောင်သန်း၊ ဒေါ်စန်းတင် မင်္ဂလာမဏ္ဍပ်၊ ၁၂ ရက်တွင် လှိုင်မြို့နယ် စိန်ပန်းကျောင်းတိုက်၊ ၁၄ရက်နှင့် ၁၅ ရက်တို့တွင် မြောက်ဥက္ကလာပ ဘုမ္မာအရှေ့၊ ၁၈ရက်နှင့် ၁၉ရက်တို့၌ ရန်မျိုးအောင်ဓမ္မာရုံ (မြောက်ဥက္ကလာပ)နှင့် ၂၄ရက်တွင် မင်္ဂလာဒုံမြို့နယ် ၃/ခရပ်ကွက်တို့တွင် ညစဉ် ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားများ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ထို့နောက် အခမ်းအနားကျင်းပရေး ဆပ်ကော်မတီအသီးသီးတို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ဦးစီးကော်မတီဥက္ကဋ္ဌ ဝန်ကြီးက ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ်အမှာ စကားပြောကြားကာ အစည်းအဝေးကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အဆိုပါအခမ်းအနားသို့ အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ တက်ရောက်လှူဒါန်းလိုသူများသည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဖုန်း-၂၄၁၁၂၅နှင့် သာသနာရေးဦးစီးဌာန ဖုန်း-၆၆၀၄၄၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြုမြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီရုံးခန်းတွင် ကွယ်လွန်သူ မိဘနှစ်ပါးဖြစ်ကြသော ဖခင်ကြီးဝဏ္ဏကျော်ထင်ဦးဘလှနှင့် မိခင်ကြီးဒေါ်စောရီတို့အား ရည်စူး၍ အမှတ်၂၅ လမ်း ၅၀ ဗိုလ်တထောင် သားသမီး၊ မြေးတစ်စုက အလှူငွေကျပ် ၁၀၀၀၀၀ ကို ကျောင်းဖြစ်မြောက်ရေး ကော်မတီ အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပြည်ပပို့ကုန် ကြက်သွန်နီစိုက်ပျိုးနေမှုများ ဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်း ကြည့်ရှုအားပေး

ရန်ကုန် ဖေဖော်ဝါရီ ၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းသည် ဝန်ကြီးဌာနမှ တာဝန်ရှိသူများလိုက်ပါ၍ ဇန်နဝါရီ ၂၈ ရက် မွန်းလွဲပိုင်းက ပဲခူးတိုင်း(အနောက်) ပေါင်းတည်မြို့သို့ ရောက်ရှိပြီး ရင်းတိုက်မှော်ကျေးရွာ အုပ်စု မီးလောင်ကုန်းကျေးရွာရှိ စတီးစတုန်းကုမ္ပဏီ၏ ပြည်ပပို့ကုန် ကြက်သွန်နီ ဧက ၅၀ စိုက်ကွင်း၏ စိုက်ပျိုးထားရှိမှုများ၊ လေရဟတ်သုံး ရေတင်စိုက်ပျိုးနေမှုများကို ကြည့်ရှု အားပေးကာ တာဝန်ရှိသူများ၊ ကျေးရွာရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ ကြက်သွန်နီနှင့် ဝင်ငွေရ အခြားသီးနှံ စိုက်ပျိုးမှုများကို ယခုထက် ပိုမိုတိုးချဲ့လုပ်ကိုင်ကြရန် ဆွေးနွေးမှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ဆက်လက်၍ ဝန်ကြီးသည် အောင်လံမြို့ ကြေးနီချောင်း တစ်လျှောက် ကြက်သွန်စိုက်ခင်းများ၊ ဆင်ပေါင်ဝဲမြို့နယ် ကိုးပင်ချောင်း တစ်လျှောက် ရွှေမိသားစုကုမ္ပဏီ၏ ပြည်ပပို့ကုန်သီးနှံ ကြက်သွန်နီစိုက်ခင်းများကို ကြည့်ရှုအားပေးပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

လှည့်လည်ကြည့်ရှုအားပေး

ထို့နောက် ဝန်ကြီးသည် ဇန်နဝါရီ၂၉ရက် နံနက်ပိုင်းတွင် မကွေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ လိုက်ပါလျက် မကွေးတိုင်း ရှားပင်လှကျေးရွာရှိ ပြည်ပပို့ကုန်သီးနှံ ကြက်သွန်နီများစိုက်ပျိုးလျက်ရှိကြသော ရွှေဝါမြေကုမ္ပဏီ၊ GOLDEN CORP ကုမ္ပဏီနှင့် MSKM ကုမ္ပဏီများ၏ စိုက်ခင်းများကိုလည်းကောင်း၊ နတ်မောက်မြို့ ပင်းချောင်းအတွင်း ပြည့်ဖြိုးအောင်နှင့် ညီနောင်များ ကုမ္ပဏီ၏ စိန်တလုံး သရက်ပျိုးဥယျာဉ်၊ ကြက်သွန်နီ စိုက်ခင်းများနှင့် သိုလှောင်ရုံများကို လည်းကောင်း ကြည့်ရှုအားပေးပြီး ပြည့်ဖြိုးအောင်ကုမ္ပဏီ၏ ကြက်ဆူပင် ၁၂ သိန်း ပျိုးထောင်ထားသည့် ကြက်ဆူပျိုးခြံ၌ ကြက်ဆူမျိုးစေ့များကို စပေါင်းမျိုးစေ့ချ စိုက်ပျိုးပေးကာ ပျိုးခြံအတွင်း လှည့်လည်ကြည့်ရှု အားပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မကွေးတိုင်း မြို့သစ်မြို့ ယင်းချောင်း တစ်လျှောက်၌ တိုးတက်လင်း၊ နယူးဂိုးဒင်းဂိတ်ကုမ္ပဏီ၏ ကြက်သွန်စိုက်ခင်းများနှင့် သိုလှောင်ရုံများ၌ သန့်စင်သိုလှောင်မှုများကို ဝင်ရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ဝန်ကြီးသည် ဇန်နဝါရီ ၃၀ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်း(အရှေ့) ရေတာရှည်မြို့နယ်သို့ ရောက်ရှိပြီး ဆွာချောင်းအတွင်း ဖော်ထုတ်စိုက်ပျိုးလျက်ရှိသော MYANMAR BELLE ကုမ္ပဏီ၏ ကြက်သွန်ဧက ၁၅၀ စိုက်ခင်းကိုလည်းကောင်း၊ တောင်ငူမြို့ ခပေါင်းချောင်းအတွင်း ပြည်ပပို့ကုန် ကြက်သွန်စိုက်ပျိုးလျက်ရှိကြသော ကုမ္ပဏီများ၏ စိုက်ခင်းများကိုလည်းကောင်း ကြည့်ရှုအားပေးပြီး ရှင်းလင်းဆောင်၌ စိုက်ပျိုးရေးကုမ္ပဏီများမှ တာဝန်ခံများက စိုက်ပျိုးထုတ်လုပ်မှု အခြေအနေများနှင့် တိုးချဲ့လုပ်ကိုင်မည့်လုပ်ငန်းအခြေအနေများကို တင်ပြဆွေးနွေးကြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သံဃဝိနယာဓိက စာပြန်-စာဖြေပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၆)ရပ်ကွက် အောင်ဓမ္မရိပ်သာကျောင်းတိုက်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော သတ္တမအကြိမ် မြို့နယ်လုံးဆိုင်ရာ သံဃဝိနယာဓိက စာပြန်-စာဖြေပွဲနှင့် စာအောင်လက်မှတ်ဆက်ကပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၇ ရက်မှ ၁၉ရက်အထိ ကျင်းပမည်ဖြစ်ရာ မြို့နယ်အတွင်း ဝါဆိုကြသော သံဃာတော်နှင့် သာမဏေများ ကြွရောက်တော်မူကြပါရန်နှင့် ဖုန်း-၅၈၀၈၈၁ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကံထူးရှင်များ ထွက်ပေါ်

ရန်ကုန် ဖေဖော်ဝါရီ ၁

(၂၀၅)ကြိမ်မြောက် ငွေကျပ်၁၀၀တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသည့် ဆုကြီးများ စာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

ကျပ်သိန်း(၅၀၀)အထူးဆု

ထ-၆၂၅၇၆၇

ကျပ်သိန်း(၃၀၀)ဆုများ

တ	-၂၄၆၄၅၃	ခ	-၆၈၄၁၆၀

ကျပ်သိန်း(၂၀၀)ဆုများ

ဆ	-၄၈၃၄၆၄	ဗ	-၁၅၆၈၇၈
ဖ	-၆၇၂၅၉၇	ည	-၇၁၉၇၄၁

ကျပ်သိန်း(၁၀၀)ဆုများ

င	-၈၁၉၅၆၃	ဒ	-၈၅၇၄၈၆
ဓ	-၆၉၂၈၄၁	ဗ	-၄၄၇၁၉၉

ဖ-၃၆၄၆၃၆

ကျပ်သိန်း(၁၀၀)ဆု(မင်္ဂလာစုံတွဲ)

ဌ	-၇၆၈၂၆၆	ဓ	-၂၅၉၅၈၂
ထ	-၅၃၄၁၆၉	ဍ	-၃၇၂၀၃၇
န	-၂၂၁၁၉၆	ဘ	-၇၄၄၁၆၈
ဃ	-၂၃၆၄၂၈	န	-၂၄၅၉၀၃
ဘ	-၈၆၇၅၃၉	ည	-၄၄၆၉၇၅
ဓ	-၇၂၃၂၀၉	ဏ	-၈၀၄၅၉၃
ထ	-၅၂၀၄၃၅	ဈ	-၅၇၀၇၅၉

ဓ-၄၉၅၁၀၆

(သတင်းစဉ်)

ကျောက်တန်း အထက ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁

ကျောက်တန်း အထက ကျောင်းသားဟောင်းများ၏ (၂၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့)တွင် ကျင်းပမည်ဖြစ်ရာ အာစရိယပူဇော်ပွဲတွင် အထက (၁)နှင့် အထက(၂)တို့၌ တစ်ဆက်တည်း လုပ်သက်ငါးနှစ်နှင့်အထက်ရှိသည့် အသက်၆၀နှင့် အထက် ဆရာကြီး ဆရာမကြီးများ၊ အဆိုပါကျောင်းများတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အသက် ၆၅ နှစ်နှင့်အထက် ဆရာကြီး ဆရာမကြီးများ၊ မြို့နယ်အတွင်းရှိ အမကများမှ အသက် ၇၀ နှင့်အထက် ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများ၊သော်ကကျောင်းတည်ထောင်သည့် အချိန်မှစ၍ စေတနာဖြင့် ကူညီသင်ပြပေးခဲ့သော အသက် ၆၅ နှစ်နှင့်အထက် ပုဂ္ဂိုလ်များနှင့် ကျောင်းသားဟောင်းများသည် ဦးသင်းမောင် ဖုန်း-၀၁-၆၅၂၀၆၅၊ ဦးကြည်ညွန့် ဖုန်း-၀၅၆-၂၅၂၇၆၊ ဦးပိန်း ဖုန်း-၀၅၆-၂၅၂၈၅၊ ဦးစိုးသန်း တို့သို့ ဆက်သွယ်ကြပါရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

မိုင်းကိုင်မြို့ ပိုင်စန်းလမ်း ကတ္တရာလမ်းသစ်ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁

မိုင်းကိုင်မြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ပိုင်စန်း ကတ္တရာလမ်းသစ် ဖွင့်ပွဲကို ဒီဇင်ဘာ ၃၁ရက် နံနက်၉နာရီက အဆိုပါလမ်း၌ ကျင်းပရာ လူမှုရေးအသင်းအဖွဲ့များ ဌာနဆိုင်ရာများ၊ ရပ်ကွက်ပြည်သူများ စုစုပေါင်း၂၅၀ တက်ရောက်ကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဌွေးညွန့်နှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်စည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မြို့ရွာတစ်ခွင် သာစေချင်

မီးတွင်မပေါ့နှင့်

ဇန်နဝါရီ ၃၁ ရက်က အလှူရှင် ရန်ကုန်တိုင်း သာကေတမြို့နယ် ဧရာဝဏ်လမ်း မြခွါညိုအိမ်ရာနေ သုဓမ္မမဏိဇောတဓရ ဦးအောင်မွန်-ဒေါ်လှလှမော်တို့၏ သမီးကြီး မအေးမြတ်မြတ်မင်း၏ (၈)နှစ်ပြည့် မွေးနေ့နှင့် သမီးငယ် မကေရီမင်းနှင့် မကေရီဝင်းတို့၏ (၅)နှစ်ပြည့် မွေးနေ့အဖြစ် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)မှ စာချ စာသင် သံဃာတော်အပါး ၅၀၀ တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မဟာမုနိသကျ ကိုးထပ်ကြီးဘုရား ဗုဒ္ဓပူဇနီယပွဲတော်

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန်တိုင်း အလုံ၊ ကြည့်မြင်တိုင်၊ စမ်းချောင်းမြို့နယ်လုံးဆိုင်ရာ အတုလာဓိပတိ မဟာမုနိသကျ ကိုးထပ်ကြီးဘုရား (၁၀၁)နှစ်ပြည့် (၃၃)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ဇန်နဝါရီ ၃၀ ရက်မှစ၍ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ဖေဖော်ဝါရီ ၂ ရက်ညတွင် ပျော်ပွဲ၊ ရွှင်ပွဲ၊ ဖေဖော်ဝါရီ ၄ ရက်မှ ၁၀ ရက်ထိ အသံမစဲ မဟာပဋ္ဌာန်းမြတ်ပူဇော်ကြမည် ဖြစ်သည်။

(၃၃)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကြီး အောင်ပွဲအထိမ်းအမှတ်အဖြစ် ဖေဖော်ဝါရီ ၁၁ ရက် မွန်းလွဲပိုင်းတွင် ဘုရားအမှူးပြု၍ သံဃာတော် အပါး ၉၀ တို့အား ဆွမ်းဆန်စိမ်းလောင်း လှူကြမည်ဖြစ်သည်။ စေတနာရှင်များ၊ နှစ်စဉ် အလှူရှင်များ ကြိုတင်၍ စာရင်းသွင်း လှူဒါန်းနိုင်ရန် ဂေါပကအဖွဲ့ရုံး ဖုန်း-၅၁၀၆၆၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၂၉)**

ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်းဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲများ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

၂၀၀၆ ခုနှစ် (၅၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲများကို ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း၌ ကျင်းပမည်ဖြစ်သည်။

အကြိုဗိုလ်လုပွဲ

ဖေဖော်ဝါရီ ၂ ရက် ညနေ ၃ နာရီတွင် ပထမအကြိုဗိုလ်လုပွဲအဖြစ် မန္တလေးတိုင်းနှင့် ဧရာဝတီတိုင်း တို့သည် လည်းကောင်း၊ ဖေဖော်ဝါရီ ၃ ရက် ညနေ ၃ နာရီတွင် ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ပဲခူးတိုင်း တို့သည် လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဗိုလ်လုပွဲ

ဖေဖော်ဝါရီ ၇ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ဗိုလ်လုပွဲကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၂၂ ရက်က ပဉ္စမအကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် ဗိုလ်စွဲသွားသော ပြည်ထဲရေး အမျိုးသမီးဘောလုံးအသင်းအား အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

ကမ္ဘာတစ်လွှား အားကစား

ပရီမီယာရှစ်ဘောလုံးပွဲများ ယှဉ်ပြိုင် ချယ်လ်ဆီးအသင်း ထိပ်မှပြေးဆဲ

အင်္ဂလန် ဖေဖော်ဝါရီ ၁

အင်္ဂလိပ်ပရီမီယာရှစ် ဘောလုံးပြိုင်ပွဲများကို ဇန်နဝါရီ၃၁ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ လက်ရှိချန်ပီယံချယ်လ်ဆီးအသင်းသည် ၁၄ မှတ်အသာဖြင့် မန်ယူ၊ လီဗာပူး၊ တော့တင်ဟမ်နှင့် ဝီဂန် စသော အသင်းများကို ဦးဆောင်လျက်ရှိသည်။

ထိုနေ့က ဖူဟမ်အသင်းနှင့် တော့တင်ဟမ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာတွင် ဖူဟမ်အသင်းမှ ဘိုကာနီဂရာက ပွဲပြီးရန် နောက်ဆုံးမိနစ်တွင် ၁၀ ယောက်တည်းနှင့် ကစားသည့် တော့တင်ဟမ်အသင်း၏ မျှော်လင့်ချက်ကို ဖြိုဖျက်ကာ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

တော့တင်ဟမ်နောက်တန်းကစားသမား ဒေါ်ဆင်သည် ပွဲချိန် ၇၂ မိနစ်တွင် နှစ်ဝါတစ်နီဖြင့် ထွက်သွားရပြီးနောက် တော့တင်ဟမ် နောက်တန်းဟာကွက်ဖြစ်သွားသည်ကို ဖူဟမ်တို့ အခွင့်ကောင်းယူကာ ဂိုးသွင်းနိုင်ရေး အကြိတ်အနယ်ကြိုးစားခဲ့သည်။

တော့တင်ဟမ်ကစားသမား တစ်ချိန်လုံး ဂိုးမပေးရရေးအတွက် ခုခံတိုက်ဖျက်ကစားသော်လည်း နောက်ဆုံးတွင် တစ်ဂိုး-ဂိုးမရှိဖြင့် အရှုံးပေးခဲ့ရသည်။ တော့တင်ဟမ်အသင်းသည် ပရီမီယာလိဂ် အမှတ်ပေးဇယားတွင် နံပါတ်(၄)တွင်ရှိနေသည့် အသင်းဖြစ်သည်။

ဖူဟမ်အသင်းသည် ယခုနှစ် ပရီမီယာရှစ် ဘောလုံးရာသီတွင် ရှစ်ပွဲသာ နိုင်သေးသည့်အသင်း ဖြစ်သည်။

ဖူဟမ်နှင့်တော့တင်ဟမ်အသင်းတို့ ယှဉ်ပြိုင်ရာတွင် ဖူဟမ်အသင်းမှ တစ်လုံးတည်းသော အနိုင်ဂိုးကို ဘိုကာနီဂရာက ဤသို့ သွင်းယူခဲ့သည်။ (အင်တာနက်)

ယင်းနေ့က မစ်ဒယ်ဘရော့အသင်းသည် တန်းစီဇယား အောက်ဆုံးရောက် ဆန်းဒါးလန်းအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မစ်ဒယ်ဘရော့အသင်းသည် ပြီးခဲ့သည့်နှစ် နိုဝင်ဘာ ၂၀ ရက် နောက်ပိုင်း အနိုင်ပွဲမရဘဲ ဖြစ်ခဲ့ရသည်။ ယခု ဆန်းဒါးလန်းကို အနိုင်ရမှုသည် ပထမဆုံးအကြိမ်ဖြစ်သည်။

မစ်ဒယ်ဘရော့အတွက် ဂိုးများကို ပိုဂါတက်ဇ်၊ ပါနာဘိုင်နှင့် ဟက်ဆယ်ဘိမ့်တို့က တစ်ဂိုးစီသွင်းပေးခဲ့သည်။

ထိုနေ့က ဝီဂန်အသင်းနှင့် အယ်ဗာတန်အသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် တစ်ဖက်တစ်ဂိုးစီဖြစ်သွားခဲ့သည်။ ချာလ်တန်အသင်းနှင့် ဝက်စ်ဘရွန်းအသင်းတို့ ယှဉ်ပြိုင်ရာတွင် ဂိုးမရှိ သရေပွဲဖြစ်ခဲ့သည်။ **(အင်တာနက်)**

အီတလီစီးရီးအေ လက်ရှိချန်ပီယံဂျူဗင်းတပ်စ် ရှစ်မှတ်အသာဖြင့်ဦးဆောင်

ရောမ ဖေဖော်ဝါရီ ၁

အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲများကို တနင်္ဂနွေနေ့က ယှဉ်ပြိုင်ကစားခဲ့ရာတွင် အင်တာမီလန်အသင်းက လက်ချီအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပြီး ၅၁ မှတ်ဖြင့် ဒုတိယနေရာမှ လိုက်နေသည်။

လက်ရှိချန်ပီယံ ဂျူဗင်းတပ်စ် အသင်းသည် ၂၂ ပွဲ ယှဉ်ပြိုင်ကစားရာတွင် ၁၉ ပွဲနိုင်ပြီး ၅၉ မှတ်ဖြင့် အင်တာမီလန်၊ အေစီမီလန်၊ ဖီအိုရင်တီးနားနှင့် ရိုးမား စသော အသင်းများကို ရှစ်မှတ်အသာဖြင့် ဦးဆောင်နေသည်။

ထိုနေ့က ပါးမားက အမ်ပိုလီအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ချီယေဗိုက ရက်ဂျီးနားကို လေးဂိုး-ဂိုးမရှိ၊ မက်စီနာက ကာဂလီယာရီကို တစ်ဂိုး-ဂိုးမရှိ၊ ရိုးမားက လီဗိုနိုကို သုံးဂိုး-ဂိုးမရှိ၊ လာဇီယိုက ထရီဗီဆိုကို တစ်ဂိုး-ဂိုးမရှိဖြင့် အသီးသီးအနိုင်ရရှိခဲ့ကြသည်။ **(ရိုက်တာ)**

စပိန်လာလီဂါပွဲ ဘာစီလိုနာအသင်း ၁၂ မှတ်ဖြတ်ထားနိုင်ပြီ

မက်ဒရစ် ဖေဖော်ဝါရီ ၁

စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲများကို တနင်္ဂနွေနေ့က ယှဉ်ပြိုင်ကစားခဲ့ရာတွင် လက်ရှိချန်ပီယံ ဘာစီလိုနာအသင်းက တန်းစီဇယား အောက်တန်းရောက် ရီးရဲမာလောကာအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ပြိုင်ဘက်အသင်းများကို ၁၂ မှတ်အသာဖြင့် ထိပ်ဆုံးမှဦးဆောင်လျက်ရှိသည်။

ရီးရဲမက်ဒရစ်အသင်းသည် ဆီတာဗီရိုအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး ၂၁ ပွဲကစား ၅၂ မှတ်ရရှိကာ ဒုတိယနေရာသို့ ရောက်လာသည်။

ဘာစီလိုနာအသင်းသည် မာလောကာအသင်းကို အနိုင်ရမှုသည် ၁၄ ပွဲဆက်တိုက် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဒုတိယနေရာမှ ဗလင်စီယာအသင်းသည် ဇာရာဂိုဇာအသင်းနှင့် ယှဉ်ပြိုင်ကစားရာတွင် ပွဲပြီးရန် ခုနစ်မိနစ်အတွင်း နှစ်ဂိုးဆက်တိုက်သွင်းပြီး နှစ်ဂိုး-နှစ်ဂိုး သရေပွဲဖြစ်သွားခဲ့သည်။

အခြားပွဲများအဖြစ် အလာဗက်က ဆိုစီဒက်ကို သုံးဂိုး-တစ်ဂိုး၊ အက်စ်ပန်ညိုက မာလာဂါအသင်းကို သုံးဂိုး-တစ်ဂိုး၊ ရီးရဲဘီတစ်က အိုဆာဆူနာကို နှစ်ဂိုး-ဂိုးမရှိ၊ ဆီဗီးလ်လာက ဗီလာရီးရဲကို နှစ်ဂိုး-ဂိုးမရှိ အသီးသီးအနိုင်ရရှိခဲ့သည်။ **(အင်တာနက်)**

တတိယအကြိမ်မြောက်
အနာကြီးရောဂါကင်းဝေးရေးအထိမ်းအမှတ်နေ့
(၆-၂-၂၀၀၆)

"အနာကြီးရောဂါကင်းဝေးဖို့ ဆွေးနွေးတိုင်ပင်ပြောကြစို့"

အနာကြီးရောဂါဟု မသင်္ကာဖွယ်ရာ ကနဦးလက္ခဏာများမှာ
- အရေပြားပေါ်တွင် အရောင်ပျော့သော၊ နီသော၊ ကြေးနီရောင်ပေါက်နေသော အကွက်များရှိပြီး ၎င်းတို့သည်-
  - ယားယံမှုမရှိခြင်း
  - နာကျင်မှုမရှိခြင်း
  - ပူခြင်း၊ အေးခြင်း၊ နာခြင်း၊ ထိခြင်းကို မသိခြင်း
  - အရေပြား၏ မည်သည့်နေရာတွင်မဆို ဖြစ်ပေါ်နိုင်သည်။ အသက်အရွယ်၊ ကျားမ မရွေး၊ အတန်းအစား မရွေး၊ နေရာဒေသမရွေး ဖြစ်နိုင်သည်။
- သင့်ရပ်ရွာတွင် အနာကြီးရောဂါ ကင်းဝေးလိုပါသလား။
  - အနာကြီးရောဂါအကြောင်းကို လူတိုင်းသိအောင် ပြောပြပေးပါ။
  - အနာကြီးရောဂါသည်ဟု မသင်္ကာသူတိုင်းကို ရှာဖွေပေးပါ။
  - ဆေးကုသမှုခံယူနိုင်အောင် စည်းရုံးပေးပါ။
  - MDT(အမ်ဒီတီ)ဆေးကို ကျန်းမာရေးဌာနတိုင်းတွင် အလွယ်တကူနှင့် အခမဲ့ရနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန။

မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယက ဒေါ်စန်းစန်းရီ ဇန်နဝါရီ၃၀ ရက်က ကျင်းပသော (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်နိုင်မှုဆုတံဆိပ်များရရှိခဲ့သော အားကစားမောင်မယ်များအား ဂုဏ်ပြုဆုချီးမြှင့်ပွဲတွင် ဝူရှူးအားကစားနည်းမှ ရွှေတံဆိပ်ဆွတ်ခူးရယူပေးခဲ့သော ပြည့်ဝေဖြိုးအား ဂုဏ်ပြုဆုငွေချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

ဘီလိယက်အားကစားအသင်းများ အသိအမှတ်ပြုလွှာလျှောက်ထားနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁

မြန်မာနိုင်ငံ ဘီလိယက်နှင့် စနူကာအဖွဲ့ချုပ်သည် ဘီလိယက်အားကစားအသင်း အသိအမှတ်ပြုလွှာများ စိစစ်ထုတ်ပေးလျက်ရှိရာ အသိအမှတ်ပြုလွှာမပြုလုပ်ရသေးသော ဘီလိယက်စင်တာများနှင့်ဘီလိယက်ခုံပိုင်ရှင်များသည် အသိအမှတ်ပြုလွှာလုပ်ပြီးမှသာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် လိုင်စင်များ လျှောက်ထားကြရမည်ဖြစ်သည်။ သက်တမ်းကုန်ဆုံးသော အသိအမှတ်ပြုလွှာရရှိပြီးသည့် ဘီလိယက်စင်တာများနှင့် ဘီလိယက်ခုံပိုင်ရှင်များသည် မြန်မာနိုင်ငံ ဘီလိယက်နှင့် စနူကာအဖွဲ့ချုပ်၌ သက်တမ်းတိုးမြှင့်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ရှမ်းပြည်နယ်(တောင်ပိုင်း)ကြက်ဆူပင်စိုက်ပျိုးရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

တောင်ကြီး ဇန်နဝါရီ ၃၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးတိုးတက်မှု လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၇ရက်နံနက် ၉နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမတွင် ကျင်းပရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ၂၈ဦးနှင့် ခရိုင်ဥက္ကဋ္ဌ သုံးဦးတို့က ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး တိုးတက်မှုအခြေအနေများကို တင်ပြကြပြီး ရှမ်းပြည်နယ် (တောင်ပိုင်း)အတွင်းရှိ စီးပွားရေး လုပ်ငန်းရှင်များ၊ ကုမ္ပဏီများကိုယ်စား တာဝန်ရှိသူ ၁၉ ဦးက ခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုးမှုကို အသေးစိတ်ရှင်းလင်း တင်ပြကြသည်။

အခမ်းအနားတွင် ပြည်နယ်မြေစာရင်းဦးစီးဌာနမှ ပြည်နယ်မှူးဦးတင်ဆန်းက ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးနိုင်မည့် မြေလွတ် မြေရိုင်းများ ဖော်ထုတ်စိုက်ပျိုးနိုင်မည့် အခြေအနေနှင့် စိုက်ပျိုးပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ ပြည်နယ်စိုက်ပျိုးရေး လက်ထောက်မန်နေဂျာ ဦးလှမြင့်က ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေး နည်းစနစ် အသုံးဝင်ပုံကိုလည်းကောင်း၊ ပြည်နယ်စက်မှုလယ်ယာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသန်းထွန်းက ခြံစည်းရိုးကြက်ဆူဆီဖြင့် မောင်းနှင်နိုင်သော စက်အမျိုးအစားနှင့်ဆောင် ရွက်ရမည့် နည်းလမ်းများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဟိုပုံးမြို့နယ်တွင် ခြံစည်းရိုးကြက်ဆူ ၆၈ဧကစိုက်ခင်းကို မြို့နယ် အုပ်ချုပ်ရေးမှူးများနှင့် လုပ်ငန်းရှင်များက သွားရောက်ကြည့်ရှုလေ့လာကြသည်။

စိုက်ပျိုးကွင်း

ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် ခြံစည်းရိုးကြက်ဆူပင်သုံးနှစ်အတွင်း ဧက ငါးသိန်းအပြီးစိုက်ပျိုးမည်ဖြစ်ရာ ယခုအခါစိုက်ပျိုးဧက ၂၁၀၀၀ ကျော်ဖြစ်ပြီး မူလသဘာဝ စိုက်ပျိုးထားရှိပြီးဧက ၂၉၀၁ ဧက အပင်ပေါက်များရှိရာ သဘာဝခြံစည်းရိုး ကြက်ဆူပင်မှ မျိုးကိုင်းပေါင်း ၃၄၈၁၂၀၀ နှင့် မျိုးစေ့မှ ပျိုးပင်ပေါင်း ၁၈၂၄၀၀ ပျိုးထောင်ထားရှိပြီး ၂၀၀၆ခုနှစ်စိုက်ပျိုးရန် မျိုးစေ့၊ မျိုးကိုင်းများစုဆောင်းလျက်ရှိကြောင်း သိရသည်။ **(အမျိုးသမီးရေးရာ)**

မွန်ပြည်နယ် မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ကမာဝက်-ကမာအုပ်ကျေးရွာချင်းဆက် မြေသားလမ်းစက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၂၅ ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဖုန်းလွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးနိုင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မုံရွာမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်စည်းဝေး၊ အမှုဆောင်သစ်ရွေးချယ်

မုံရွာ ဇန်နဝါရီ ၅

မုံရွာမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၇ ရက် မွန်းလွဲပိုင်းက စစ်ကိုင်းတိုင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် စစ်ကိုင်းတိုင်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးနိုင် (စာရေးဆရာ-မုံရွာစိုးကြီး)က ဆောင်ရွက်ပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစိုးလင်းထိုက်က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ ရွေးချယ်တင်မြှောက်ပွဲကျင်းပရာ ဥက္ကဋ္ဌအဖြစ် ဦးဖေသန်း(နေမင်းသန်း)၊အတွင်းရေးမှူးဦးထိန်လှိုင် (ထိန်လှိုင်ဦး)၊ဘဏ္ဍာရေးမှူးဦးခင်မောင်ညို(ဖေသိန်းဦး)နှင့် အလုပ်အမှုဆောင် နှစ်ဦးတို့ကို ရွေးချယ်တင်မြှောက်ကြပြီး အဖွဲ့၏နာယကများအဖြစ် ဦးအေးဖေ (အေးဖေအေး)၊ဦးတင်မောင်(မုံရွာတင်ထွန်း)၊ ဦးစိုးနိုင် (စိုးကြီး မုံရွာ)၊ ဦးတင်အောင်(ချိမ့်သဲ)နှင့် ဦးစိန်ကြီး (မောင်သီရိ)တို့အားတင်မြှောက်ကြောင်း သိရသည်။ (၃၂၃)

မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဇီဝဒီဇယ်ဆီထုတ်လုပ်နိုင်ရေး၊ ခြံစည်းရိုးကြက်ဆူပျိုးပင်ပေါင်း ၃၀၀၀၀ ပြည့်မီရန် အဖွဲ့ရုံးဝန်ထမ်းများဖြင့် ပျိုးအိတ်များထုပ်ခြင်း၊ ကြက်ဆူပင်များ စိုက်ပျိုးခြင်း၊ ပျိုးအိတ်များ နေရာချထားခြင်းလုပ်ငန်းကို ဇန်နဝါရီ၁၂ရက်က အမှုဆောင်အရာရှိ ဦးအောင်ဖုံနှင့် ဒုတိယဦးစီးမှူး(အခွန်)တို့က ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

သရက်မြို့၌ ကျေးရွာချင်းဆက် ကျောက်ခင်းမြေနီလမ်းဖွင့်

သရက် ဇန်နဝါရီ ၂၀

သရက်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ ဦးဆောင်မှုဖြင့် သရက်မြို့နယ် တဇီးကောက်ကျေးရွာ၊ တလုပ်ပင်ကျေးရွာ၊ တပ်ကျေးရွာနှင့်ညောင်ပိုင်း ကျေးရွာချင်းဆက် ကျောက်ခင်းမြေနီ မြေသားလမ်း ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၉ရက်က တလုပ်ပင်ရွာတွင် ကျင်းပရာ လမ်းဖွင့်ပွဲမှခ်ဦး ဆိုင်းဘုတ်ကို မြို့နယ်အသင်း အလုပ်အမှုဆောင် ဦးတောက်ထွန်းနှင့် လမ်းဖြစ်မြောက်ရေးအကျိုးတော်ဆောင် ဦးဂွတိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် မြို့နယ်အသင်း အတွင်းရေးမှူး ဦးတင်မြင့်က ဂုဏ်ပြုအမှာစကားပြောကြားပြီး လမ်းဖြစ်မြောက်ရေး အကျိုးတော်ဆောင်ဦးဂွတိုက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

ချင်းပြည်နယ် ရိခေါ်ဒါရ်မြို့တွင် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅- ၂၀၀၆ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော လီလီ(ကြာပန်း)လမ်း ကျောက်ချောလမ်းခင်း ပြီးစီးမှုကို ဒီဇင်ဘာ ၂၅ ရက်က ပြည်နယ်ညွှန်ကြားရေးမှူး ဦးစိုးဝင်း ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဇန်နဝါရီ၃ရက်က ညောင်လေးပင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကျင်းပပြုလုပ်သော ကျန်းမာရေးပညာပေး ဟောပြောပွဲကို မြို့မ(၄)ရပ်ကွက် မူလတန်းကျောင်း၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်လှက အမှာစကားပြောကြားပြီးဒေါက်တာဒေါ်မေအေးကဟောပြောစဉ်။ (၁၃၄)

ခင်ဦးမြို့နယ် စာကြည့်တိုက်များသို့ စာအုပ်များလှူဒါန်း

ခင်ဦး ဇန်နဝါရီ ၁၅

ခင်ဦးမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ စာအုပ်မျိုးစုံပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၁၅ရက်မွန်းလွဲ ၁နာရီက မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနိုင်ဝင်းက အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ခရိုင်ဦးစီးအရာရှိဦးကျော်တင့်က ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များသို့ စာအုပ်များပေးအပ်လှူဒါန်းရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဒုတိယဦးစီးမှူး ဦးအောင်မင်းက ပင်းတင်း၊ သံဘို၊ ယေါက်တော၊သရက်ကုန်း၊ ကျီးကန်၊ လောင်းရှည်၊ ပေါင်းလှဲကုန်း၊တဲစု၊ ငွေးကုန်း၊ ပျဉ်ထောင်၊ မကျီးတုံနှင့်ကွမ်းတိုင်းကျေးရွာ ဥက္ကဋ္ဌများသို့စာအုပ်များ ပေးအပ်လှူဒါန်းကြသည်။ (မြို့နယ် ပြန်ဆက်)

နတ်မောက် စာနယ်ဇင်းအဖွဲ့ အမှုဆောင်သစ်ရွေးချယ်

နတ်မောက် ဇန်နဝါရီ ၈

နတ်မောက်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီအစည်းအဝေးကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၉ နာရီက နတ်မောက်မြို့ သာသနာ့ဟိတစာကြည့်တိုက်၌ ကျင်းပသည်။

အဆိုပါ အမှုဆောင်သစ်ရွေးချယ် တင်မြှောက်ပွဲတွင် ဥက္ကဋ္ဌ ဦးတင်အေး(တင်အေး-နတ်မောက်)၊ အတွင်းရေးမှူးဦးမောင်ကြိုင် (နွေလှိုင်း)၊ဘဏ္ဍာရေးမှူးဦးရဲမြင့်သန်း၊ အဖွဲ့ဝင် ဦးလှမြင့်(လှမြင့်သစ်)၊ ဦးသိန်းမြင့်ဝင်း၊ညီလာခံကိုယ်စားလှယ် ဦးလှမြင့်(လှမြင့်သစ်)တို့ကို ရွေးချယ်တင်မြှောက်ကြကြောင်း သိရသည်။ **(၁၅၆)**

သနပ်ပင်မြို့နယ်၌ လွတ်လပ်ရေးနေ့ အားကစားပြိုင်

သနပ်ပင် ဇန်နဝါရီ ၁၂

သနပ်ပင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ဦးဆောင်၍(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲ ထုပ်ဆီးတိုးပြိုင်ပွဲကိုဇန်နဝါရီ ၄ ရက်က မြို့နယ် ပြည်သူ့အားကစားပြိုင်ကွင်းတွင် ကျင်းပသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ပြိုင်ပွဲသို့ မြို့နယ်ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်များမှ ပြိုင်ပွဲဝင်အသင်း ခုနစ် သင်းပါဝင်ယှဉ်ပြိုင်ကြပြီး ဆုပေးပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာမြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ငွေငွေနှင့် အမှုဆောင်များက ပထမ၊ဒုတိယနှင့်တတိယဆုရအသင်းများကိုဆုများ ပေးအပ်ချီးမြှင့်ကြသည်။ **(ဝဲပုံ) (မြို့နယ် ပြန်/ဆက်)**

ကသာမြို့ မြို့ရေပေးရေးလုပ်ငန်း၏ ပင်မရေပိုက်များသွယ်တန်းတပ်ဆင်ခြင်းလုပ်ငန်းကို ကသာမြို့ အမှတ်(၉)ရပ်ကွက် ပြည်သူများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ရာ ဇန်နဝါရီ ၃ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဦးလေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မင်းတို့ ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အသံ

၃-၂-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ပုဗ္ဗဏှသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား (လားရှိုးခရိုင်မြန်မာ့စိုက်ပျိုးရေးအကြောင်း)
၁၁း၃၅ ထူးဆန်းထွေလာသတင်းပဒေသာ
၁၂း၀၀ ကျန်းမာရေးနှင့်ဆေးပညာ (ကလေး၏အသက်(၆)လမှစ၍ မိခင်နို့နှင့်အတူဖြည့်စွက်စာကျွေးပါ)
၁၂း၃၀ ဇာတ်လမ်းပမာနားဆင်စရာ (တူယှဉ်လက်တွဲခိုင်မြဲစေ)

ညနေပိုင်း

၁၇း၃၀ ရေဒီယိုမဂ္ဂဇင်း
(၁)တိုင်းရင်းသားများ ရိုင်းပင်းထား (ခေါင်းကြီး)
(၂)ခိုင်ခိုင်မြဲမြဲ တို့လက်တွဲ (ဆောင်းပါးသရုပ်ဖော်)
၁၇း၅၀ နိုင်ငံတကာ စီးပွားရေးသတင်းပဒေသာ
၁၈း၂၀ ကျေးလက်ဇာတ်လမ်း(ရေထဲကရွှေ)
၁၈း၄၀ သိပ္ပံပညာသိကောင်းစရာ (လူ့နှလုံးကျန်းမာရေးကို စစ်ဆေးခြင်း-မောင်ဆုရှင်)

2-2 (15).p65 1 3/29/1905, 9:48 PM

ပုသိမ်မြို့ နိဗ္ဗာနဗျာဒိတ်ပေးဘုရား ဗုဒ္ဓပူဇနီယပွဲတော်စည်ကားသိုက်မြိုက်စွာကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁

ဧရာဝတီတိုင်း ပုသိမ်မြို့၏ ကျက်သရေဆောင် သမိုင်းဝင် နိဗ္ဗာနဗျာဒိတ်ပေး ဘုရား ဗုဒ္ဓပူဇနီယပွဲတော်ကို ဇန်နဝါရီ၁၅ရက်တွင် အဆိုပါ နိဗ္ဗာနဗျာဒိတ်ပေးဘုရား၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားတွင် ပွဲတော် ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပုသိမ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူး တင်ဋ္ဌေး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးအေးလွင်၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌဦးနေဝင်း၊ ဂေါပကအဖွဲ့အတွင်းရေးမှူးဦးလှအောင်၊ ဂေါပကအဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူများ စုပေါင်း၍ နိဗ္ဗာနဗျာဒိတ်ပေးဘုရားအား ပုသိမ်မြို့တွင်းသို့ အပူဇော်ခံလှည့်လည်ကြသည်။ **(ဝဲပုံ)**

အဆိုပါ ပုသိမ်မြို့ သမိုင်းဝင် နိဗ္ဗာနဗျာဒိတ်ပေးဘုရားပွဲတော်ကို ဇန်နဝါရီ၁၅ရက်မှ ၂၀ရက် အထိ အောက်ကျဉ်းနှင့် အထက်ကျဉ်းတို့တွင် ပွဲတော်များ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆံတော်ရှင် ကျိုက်ထီးရိုးစေတီ တော် ခန္တီသစ္စာသာသနာ ဆီမီးကိုးထောင်အဖွဲ့က အထွေထွေပဒေသာပင် ငွေကျပ်တစ်သိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မီးဘေးလုံခြုံရေးဆောင်ရွက်

မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြိုင်ရတနာဈေးတွင် မီးဘေးလုံခြုံရေးဆောင်ရွက်မှုကို ဇန်နဝါရီ၁၀ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်း ကွင်းဆင်းစစ်ဆေးရာ ဒုတိယဦးစီးမှူး(ဈေး) ဦးစိုးနိုင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

ကျောင်းကျန်းမာရေးဆိုင်ရာများ ပညာပေးဟောပြော အမှိုက်ပုံးများလှူဒါန်းပွဲ အုတ်တွင်း၌ကျင်းပ

အုတ်တွင်း ဇန်နဝါရီ ၂၂

တောင်ငူခရိုင် အုတ်တွင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကျင်းပသော ကျောင်းကျန်းမာရေး ပညာပေးဟောပြောပွဲနှင့် အမှိုက်ပုံးများ လှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၆ ရက် မွန်းလွဲပိုင်းက အထက(ခွဲ) ဖောဓိကုန်းကျေးရွာတွင် ကျင်းပရာ အုတ်တွင်းမြို့နယ် ပြည်သူ့ဆေးရုံမှ ဒေါက်တာ အောင်မျိုးလွင်က ကျောင်းကျန်းမာရေးဆိုင်ရာများကို ပညာပေး ဟောပြောသည်။**(အောက်ပုံ)**

တက်ရောက်

အခမ်းအနားတွင် အုတ်တွင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ခင်အုံးမြင့်က ကျောင်းအုပ်ဆရာမကြီးထံ အမှိုက်ပုံးများပေးအပ်လှူဒါန်းရာ အခမ်းအနားသို့ ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများ၊ ပေါက်တောကျေးရွာအုပ်စု မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ တက်ရောက်ကြသည်။ **(၁၁၆)**

သီတဂူကြယ်တစ်ပွင့်၏ဓမ္မသဘင်များ

ရန်ကုန် ဖေဖော်ဝါရီ ၁

မန္တလေးပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်တမာတန်း ငြိမ်းချမ်းရွှေပြည်ကျောင်းတိုက်၏ ပဓာနနာယက သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒသည် ဖေဖော်ဝါရီ၂ရက်ညတွင်ညောင်ပင်ဝန်းရွာ စစ်ကိုင်းမြို့နယ်၊ ၃ ရက်ည သူဌေးလမ်း ကျောက်မြောင်း ရန်ကုန်၊ ၄ရက်(ဆည်းဆာ)တွင် သုမန ဓမ္မဗိမာန် ၅ ရပ်ကွက် သာကေတ၊ ညပိုင်းတွင် ၁၃ ရပ်ကွက် သီရိမြိုင်၊ ရန်ကုန်၊ ၅ ရက်ညတွင် သုမနဓမ္မဗိမာန် သာကေတ ရန်ကုန်၊ ၆ ရက်ညတွင် ရွှေစည်အရှင်နန္ဒာသီရိမွေးနေ့ နန်းရှေ့မန္တလေး၊ ၇ရက်ညတွင် သက္ကယ်ကျင်းရွာ မြင်းခြံ၊ ၈ ရက်ညတွင်၂၄ဆူ ဘုရား မတ္တရာမြို့၊ ၉ ရက်ညတွင် ကံတော် လေးစုရပ် အမရပူရမြို့၊ ၁၀ရက်ညတွင် နဘက်ရွာ မြောင်မြို့နယ်၊ ၁၁ ရက်ညတွင် မိုးကောင်းဘုရား အလယ်ရပ် မုံရွာမြို့၊ ၁၂ ရက်ညတွင် ငွေတော် ကျီကုန်းရပ် ပြည်ကြီးတံခွန် မန္တလေး၊၁၄ရက်ညတွင် ဖလံကုန်းရွာ ဈာပန နွားထိုးကြီးမြို့၊ ၁၅ရက်ည၌ ရင်မောင်တိုင်ရွာ ယင်းမာပင် မြို့နယ်၊ ၁၆ရက်ညတွင် ပရိယတ္တိသဒ္ဓမ္မ ပါလအသင်း မြင်းခြံမြို့၊ ၁၇ရက်ည၌ ကုန်းရိုးရွာ ဒီပဲယင်းမြို့၊ ၁၈ရက်ည နှင့် ၁၉ရက်ညများတွင် ခမုံရွာ လက်ပံတန်းမြို့၊ ၂၀ ရက်ညနှင့် ၂၁ ရက်ညများတွင် ခုနစ်နေ့ဘုံဆွမ်းလောင်းအသင်း ဗဟိုရ်ပြည်မြို့ ဓမ္မသဘင်များ၌ တရားတော်များ ဟောကြားတော်မူမည် ဟုသိရသည်။ **(က-ပ)**

မြောင်းမြမြို့၌ မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြ လေ့ကျင့်ဆောင်ရွက်

မြောင်းမြ ဇန်နဝါရီ ၂၃

မြောင်းမြခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးဌာန၊ မီးသတ်တပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့များ ပူးပေါင်း၍ လက်တွေ့မီးငြိမ်းသတ်ခြင်း ဇာတ်တိုက်လေ့ကျင့်သရုပ်ပြပွဲကို ဇန်နဝါရီ၁၅ရက်က မြို့မဈေးကြီး၌ကျင်းပရာ မြို့နယ်မီးသတ်ဦးစီးဌာနမှ မော်တော်ယာဉ်နှစ်စီး၊ ရပ်ကွက်အပေါ့စားမီးသတ်ယာဉ် ခုနစ်စီး၊ စည်ပင်သာယာရေးအဖွဲ့ပိုင်ရေသယ်ယာဉ်နှစ်စီး၊ မြို့မဈေး အပေါ့စားမီးသတ်စက်နှစ်လုံးတို့ဖြင့် ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူးများ၊ အရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဦးစီးအရာရှိနှင့် တာဝန်ရှိသူများ၊ ဈေးအရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ ဈေးမိဈေးဖများ၊ မီးဘေးကြိုတင်ကာကွယ်ရေးလက်တွေ့သရုပ်ပြ လေ့ကျင့်မှုဆောင်ရွက်ကြရာ မြောင်းမြခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင်(၂)ခရိုင်ရဲမှူး နေမျိုးသူနှင့် တာဝန်ရှိသူများ ကြီးကြပ်ဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

တောင်တွင်းကြီးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည် စည်းဝေး၊ အမှုဆောင်သစ်ရွေးချယ်

တောင်တွင်းကြီး ဇန်နဝါရီ ၁၀

တောင်တွင်းကြီးမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ နှစ်ပတ်လည် အစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက်က မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်အဆောက်အအုံတွင် ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးအောင်ကျော်ဆန်း တက်ရောက်အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ရွေးချယ်ရေးနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးကြပြီး ဥက္ကဋ္ဌ ဦးတိုးမြင့် (တိုးကိုထွေး-ပညာရေး)၊ အတွင်းရေးမှူးဦးကျော်ကျော် (တောင်တွင်း-ဝင်းကျော်)၊ ဘဏ္ဍာရေးမှူး ဦးခင်မောင်ရင် (ရွှေတွင်း-ခင်မောင်ရင်)၊ အမှုဆောင်များအဖြစ် ဦးမြင့်နိုင် (တောင်တွင်းကြီး)၊ ဦးစိုးမြင့် (မောင်စိုးလွမ်း-တောင်တွင်း)နှင့် ညီလာခံကိုယ်စားလှယ်အဖြစ် ဦးတင်ထွန်း (မောင်ငြိမ်းနွယ်)တို့အား ရွေးချယ်ကြသည်။ **(၁၈၉)**

ကျော့မှူးမြို့နယ် စည်ပင်သာယာရေး အဖွဲ့က ၂၀၀၅-၂၀၀၆ ခု ဘဏ္ဍာရေးနှစ်တွင် မကျီးကန်-၄ ကံအော် စမ်းလမ်း ဂဝံခင်းပြုပြင်ခြင်း လုပ်ငန်း ဆောင်ရွက်ပြီး စီး မှု များ ကို ဒီဇင်ဘာ ၂၉ ရက်က တိုင်းစည်ပင် သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီးဦးသိန်းလှိုင် ကွင်းဆင်းစစ်ဆေးရာ မြို့နယ်တာဝန်ခံအင်ဂျင်နီယာဦးသန့်ဇင်ဦးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

တောင်သာတွင် မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်

တောင်သာ ဇန်နဝါရီ ၂၄

တောင်သာမြို့ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း စက်သုံးဆီအရောင်းဆိုင် အမှတ်(၀၃၄၆)တွင် မီးဘေးကြိုတင်ကာကွယ်ရေးအစမ်းလေ့ကျင့်မှုကို ဇန်နဝါရီ ၁၆ရက်ကကျင်းပရာ မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးမျိုးအောင်နှင့် ဆိုင်မန်နေဂျာ ဦးလှသိန်းတို့ ဦးဆောင်သော ဝန်ထမ်းများက မီးဘေးကြိုတင်ကာကွယ်ရေး အစမ်းလေ့ကျင့်မှုများ ဆောင်ရွက်ကြသည်။**(အပေါ်ပုံ)**

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူးက မီးသတ်ဆေးဘူးကိုင်တွယ်အသုံးပြုပုံနှင့် ဆိုင်မန်နေဂျာက ဆိုင်ဝင်းအတွင်း မီးဘေးကြိုတင်ကာကွယ်ထားရှိမှုနှင့် ဝန်ထမ်းများ တာဝန်ခွဲဝေပေးမှုကို ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
ကြေညာချက်(၇/၂၀၀၅)
ရန်ကုန်မြို့၊ ၁၃၆၇ခု တန်ဆောင်မုန်းလပြည့်ကျော် (၁၁)ရက်
(၂၀၀၅ခုနှစ် နိုဝင်ဘာလ ၂၆ရက်)

အကြောင်းအရာ။ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသို့ ပေးသွင်းထားသော အာမခံစပေါ်ငွေများစာရင်း ရှင်းလင်းပြန်လည်ထုတ်ယူရန်ကိစ္စ။

၁။ သတ္တုတွင်းဝန်ကြီးဌာန ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီသည် နိုင်ငံသား၊ ပုဂ္ဂလိက၊ ကုမ္ပဏီ အသင်းများအနေဖြင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများလုပ်ကိုင်နိုင်ရန်အတွက် အဆိုပြုလွှာများကိုလက်ခံ၍ ခွင့်ပြုမိန့်များ၊ ထုတ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

၂။ ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး စစ်ဆေးရေးနှင့် ကြီးကြပ်ရေး လုပ်ငန်းကော်မတီသည် နိုင်ငံသား၊ ပုဂ္ဂလိက၊ ကုမ္ပဏီ၊ အသင်းများအနေဖြင့် သတ်မှတ်ချက်များနှင့်အညီ အဆိုပြုလွှာများ တင်သွင်းနိုင်ရန် ၂၀၀၀ပြည့်နှစ်မှစ၍ အောက်ပါ ကြေညာချက်များကို သတင်းစာများတွင် ထည့်သွင်းဖော်ပြ၍ အဆိုပြုလွှာများ ခေါ်ယူ ခဲ့ပါသည်။

(က)	၂၀၀၀ပြည့်နှစ်၊ ကြေညာချက်	၁/၂၀၀၀(ဖော်ထုတ်သစ်)၊ ၂/၂၀၀၀၊ ၃/၂၀၀၀၊ ၄/၂၀၀၀။
(ခ)	၂၀၀၁ခုနှစ်၊ ကြေညာချက်	၁/၂၀၀၁(ဖော်ထုတ်သစ်)၊ ၂/၂၀၀၁(ဖော်ထုတ်သစ်)၊ ၁/၂၀၀၁၊ ၂/၂၀၀၁၊ ၃/၂၀၀၁။
(ဂ)	၂၀၀၂ခုနှစ်၊ ကြေညာချက်	၁/၂၀၀၂၊ ၂/၂၀၀၂၊၃/၂၀၀၂၊ ၄/၂၀၀၂၊ ၅/၂၀၀၂။
(ဃ)	၂၀၀၃ခုနှစ်၊ ကြေညာချက်	၁/၂၀၀၃၊၂/၂၀၀၃၊ ၃/၂၀၀၃၊ ၄/၂၀၀၃၊ ၅/၂၀၀၃၊ ၆/၂၀၀၃။
(င)	၂၀၀၄ခုနှစ်၊ ကြေညာချက်	၁/၂၀၀၄၊၂/၂၀၀၄၊ ၃/၂၀၀၄၊ ၄/၂၀၀၄၊ ၅/၂၀၀၄။
(စ)	၂၀၀၅ခုနှစ်၊ ကြေညာချက်	၁/၂၀၀၅။

၃။ ကျောက်မျက်ရတနာလုပ်ကွက်များကို ဈေးပြိုင်စနစ်ဖြင့် ချိပ်ပိတ်အဆိုပြုလွှာများ တင်သွင်းရာတွင်လည်းကောင်း၊ သတ်မှတ်လုပ်ကွက်(အသစ်)၊ ဖော်ထုတ်လုပ်ကွက်(အသစ်) များကို လျှောက်ထားရာတွင်လည်းကောင်း၊ သက်ဆိုင်ရာလုပ်ငန်းရှင်များထံမှ အဆိုပြုလွှာ တစ်စောင် (လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ(Deposit)ငွေကျပ် တစ်သိန်းစီကို မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းက လက်ခံခဲ့ပြီး ကျောက်မျက်ရတနာ ဥပဒေများနှင့်အညီ အဆိုပြုလွှာများကို လက်ခံခဲ့ပါသည်။

၄။ လုပ်ငန်းရှင်များက ပေးသွင်းခဲ့သော အာမခံစပေါ်ငွေများနှင့်ပတ်သက်၍ အာမခံစပေါ်ငွေ ပေးသွင်းရေး၊ သတ်မှတ်ထားသည့် ညွှန်ကြားချက်၊ စည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ခွင့်ရရှိသော လုပ်ကွက်များအတွက် စပေါ်ငွေများကို ခုနှိမ်ပေးသွင်းခြင်း၊ လုပ်ကိုင်ခွင့်မရရှိသော လုပ်ကွက်များအတွက် အာမခံစပေါ်ငွေများ ပြန်လည်ထုတ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။ ထို့ပြင် ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီမှ သတ်မှတ်ခွင့်ပြုသည့်ကာလအတွင်း လာရောက်ဆက်သွယ်မှုမပြုခြင်း၊ သတ်မှတ်ကာလအတွင်း အဆိုပြုငွေ ပေးသွင်းရန် ပျက်ကွက်ခြင်း၊ တင်သွင်းထားသော အဆိုပြုလွှာ၊ လျှောက်လွှာများကို ပယ်ဖျက်ခွင့်တင်ပြခြင်း၊ ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်သောလုပ်ကွက်များအတွက် လုပ်ငန်းရှင်မှ တစ်စုံတစ်ရာ ပြန်ကြားခြင်းမပြုဘဲ လူကိုယ်တိုင် လာရောက်ဆယ်သွယ်မှု မပြုခြင်းတို့အတွက် ပေးသွင်းထားသော အာမခံစပေါ်ငွေများကို ဥပဒေ၊ စည်းကမ်း သတ်မှတ်ချက်များနှင့်အညီ နိုင်ငံတော် ဘဏ္ဍာငွေစာရင်းသို့ ပေးသွင်းခဲ့ပါသည်။

၅။ သို့ဖြစ်ပါ၍ အထက်စာပိုဒ်(၂)ပါ ကြေညာချက်များအရ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသို့ ပေးသွင်းထားသည့် အာမခံစပေါ်ငွေများနှင့်ပတ်သက်၍ ရရန်၊ ပေးရန်ရှိသည်များကို သက်ဆိုင်ရာလုပ်ငန်းရှင်များအနေဖြင့် ၂၀၀၅ခုနှစ် ဒီဇင်ဘာလ ၁ရက်မှ ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ ၂၈ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)နှင့် ဆက်သွယ်၍ အမြန်ဆုံးစာရင်းရှင်းလင်းဆောင်ရွက်ကြရန်နှင့် အကယ်၍ လုပ်ငန်းရှင်များ အနေဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်း (ရုံးချုပ်)နှင့်ဆက်သွယ်၍ စာရင်းရှင်းလင်းခြင်းမပြုပါက မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ ပေးသွင်းထားသော အာမခံစပေါ်ငွေများကို နိုင်ငံတော် ဘဏ္ဍာငွေစာရင်းသို့ ပေးသွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။**

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း
ညောင်ဦးမြို့ အရှေ့ချောတန်းရပ်နေ ဦးအောင်ကြိုင် ၉/ညဥန(နိုင်)၀၀၃၇၅၉ နှင့် ဒေါ်မြင့်မြင့်သန်း ၉/ညဥန(နိုင်)၀၀၄၁၆၈ တို့၏သားဖြစ်သူ မောင်အာကာအောင် ၉/ညဥန(နိုင်) ၁၅၅၈၁၀ သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံသည့်အပြင် မိဘနှင့် ဆွေမျိုးသားချင်းများ၏ဂုဏ်သိက္ခာကို ထိခိုက်သည့်လုပ်ရပ်များ အကြိမ်ကြိမ် ပြုလုပ်ပါသဖြင့် ယနေ့မှစ၍အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။
၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စအဝဝကိုမှ တာဝန်မယူပါကြောင်း ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
ဦးအောင်ကြိုင်-ဒေါ်မြင့်မြင့်သန်း၊ အမှတ်(၂)အရှေ့ဈေးတန်းရပ်၊ ညောင်ဦးမြို့။

ငြင်းချက်ထုတ်ရန် သမ္မန်စာ
(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့် ၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံး
၂၀၀၅ခုနှစ် တရားမကြီးမှု အမှတ် -၉၉၇

ဦးအောင်သိန်းလွင် **နှင့်** ဦးထွန်းရှင်
တရားလို **တရားခံ**

ဦးထွန်းရှင် အမှတ်၃၆၆၊ စက္ကဝတ်၁လမ်း၊ (ဈ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ (ယခု နေရပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ ဦးအောင်သိန်းလွင်က ပဋိညာဉ်ပါအတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆို ပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့် အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ၁၄ရက် (၁၃၆၇ခုနှစ် တပို့တွဲလပြည့်ကျော်၂ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်က အမည်ရေး သားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစ ရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက် ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၆ခုနှစ် ဇန်နဝါရီလ ၂၃ရက်နေ့ ဤရုံးတံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **ဒေါ်အေးသိန်း B.A (Law)LL.B**
ဒုတိယခရိုင်တရားသူကြီး(၁)
အရှေ့ပိုင်းခရိုင် တရားရုံး၊ ရန်ကုန်တိုင်း။

ရန်ကုန်မြို့၊ သာကေတမြို့နယ်
ရန်နိုင်ဆွေ(၂)လမ်း၊ အမှတ်(၅၀)
နှင့်စပ်လျဉ်း၍ အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့ သာကေတမြို့နယ် ရန်နိုင်ဆွေ(၂)လမ်း၊ အမှတ်(၅၀)၏ ပိုင်ရှင်ဖြစ်သူ ဦးလှဝင်း ၁၂/ဗတထ(နိုင်)၀၂၆၀၈၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်မြို့ သာကေတမြို့နယ် ရန်နိုင်ဆွေ(၂)လမ်း၊အမှတ်(၅၀)ဟု ခေါ်တွင်သော မြေနှင့်အဆောက်အအုံမှာ ဒေါ်သီသီလှ(ခ)ဒေါ်ချင်ချိုင်ရင်ထံမှ ဦးလှဝင်းက မှတ်ပုံတင်စာချုပ်အမှတ် ၄၀၂/၂၀၀၅ အရ ဝယ်ယူခဲ့ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မြို့မြေစာရင်းတွင် ဦးလှဝင်း တရားဝင်အမည်ပေါက်ပိုင်ဆိုင်လျက် ရှိပါသည်။

ရန်ကုန်တိုင်း တရားရုံးတော်နှင့် တရားရုံးအသီးသီးတွင် ငွေဇုန်ကုမ္ပဏီလီမိတက်အပေါ် ငွေဒီကရီရရှိထားကြသည့် တရားနိုင်(မြီရှင်)အချို့၏ လျှောက်ထားချက်အရ အထက်ဖော်ပြပါပစ္စည်းကို ငွေဇုန်ကုမ္ပဏီလီမိတက်ပိုင်ပစ္စည်း အဖြစ် ဝရမ်းစွဲကပ်ခြင်းခံရပါသည်။

အဆိုပါမြေနှင့် အဆောက်အအုံကို ပထမဦးဆုံးဝရမ်းစွဲကပ်ခံရသည့် ရန်ကုန်တိုင်းတရားရုံး ဇာရီမှုအမှတ်-၆၃၂/၂၀၀၄ ဦးယူစိန်ပါ(၄)နှင့် ငွေဇုန်ကုမ္ပဏီလီမိတက်အမှုတွင် လေလံတင်ရောင်းချရန် ကြေညာခြင်းခံရသဖြင့် ဦးလှဝင်းက ဝရမ်းခွာပေးစေလိုမှုလျှောက်ထားခဲ့ရာ ရန်ကုန်တိုင်းတရားရုံး တရားမအထွေထွေမှုအမှတ်-၁၁၄/၀၅အရ လက်ခံ၍ စုံစမ်းစစ်ဆေး ကြားနာပြီးနောက် ၂၂-၁၁-၂၀၀၅ ရက်နေ့တွင် ဝရမ်းခွာပေးစေသည့် အမိန့်ချမှတ်ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေနှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်သည် ငွေဇုန်ကုမ္ပဏီလီမိတက်နှင့် သက်ဆိုင်ခြင်းမရှိပါကြောင်းနှင့် အဆိုပါမြေနှင့် အဆောက်အအုံအပေါ် မှားယွင်းဝရမ်းစွဲကပ်မှုများ၊ လေလံတင်ရောင်းချမှုများ ထပ်မံပေါ်ပေါက်လာပါက ဖြစ်ပေါ်လာမည့် အကျိုးဆက်များသည် သက်ဆိုင်ရာအမှုသည်တို့၏ တာဝန်သာဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်သန်းဝင်း B.A (Law)LL.B — ဦးအိန္ဒ(စ်) LL.B
တရားရုံးချုပ်ရှေ့နေများ၊ အမှတ်-၃၀(ပထမထပ်)
၄၄ လမ်း၊ ဗိုလ်တထောင်မြို့နယ်။

စော်ဘွားကြီးကုန်းပွဲရုံနှင့် ယာဉ်ရပ်နားစခန်းရှိ ဆိုင်အမှတ်(၉၂/၈) နှင့် ပတ်သက်၍ ကြေညာချက်အား ပြန်လည်ရုပ်သိမ်းခြင်း

၂၂-၁-၀၆ ရက်နေ့ မြန်မာ့အလင်းသတင်းစာပါ ကြေညာချက်နှင့် ပတ်သက်၍ လက်ရှိဆိုင်ခန်းပိုင်ရှင်ဖြစ်သူ ဒေါ်ခိုင်ခိုင်မြင့် မှတ်ပုံတင်အမှတ် ၇/ပခန(နိုင်)၁၉၀၇၀၅ နှင့် ညှိနှိုင်းဆွေးနွေး ပြီးဖြစ်၍ ယင်းကြေညာချက်အားပြန်လည်ရုပ်သိမ်းပါသည်။

ဒေါ်အေးအေးဝင်း
၁၂/လကန(နိုင်)၀၃၃၄၉၁
အမှတ်(၃၀၃)၊(၄)လွှာ
လိပ်ကန်ကွန်ဒိုမီနီယံ
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

လှိုက်လှဲစွာ ဝမ်းမြောက်ကြောင်း ဂုဏ်ပြုလွှာ
ဒေါ်သန်းသန်းနွဲ့ (ကြယ်နီ)

အုတ်တွင်းမြို့ ကြယ်နီဆေးလိပ်ခုံပိုင်ရှင် ဦးခင်မောင်ဝင်း၏ ဇနီး **ဒေါ်သန်းသန်းနွဲ့** အား နိုင်ငံတော်မှ **"သီရိသုဓမ္မသင်္ဂဟ"** ဘွဲ့ကို ထိုက်တန်စွာချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် မိသားစုနှင့် ထပ်တူ အထူးဂုဏ်ယူဝမ်းမြောက်ရပါသည်။ သက်ရှည်ကျန်းမာ ချမ်းသာစွာဖြင့် နိုင်ငံနှင့်သာသနာတော်အကျိုးဆတက်ထမ်းပိုး တိုး၍ ရွက်ဆောင်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သပါသည်။

- **မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၊ အဖွဲ့ခွဲအမှတ်၁၄၀၊ အုတ်တွင်းမြို့။**
- **မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၊ အဖွဲ့ခွဲအမှတ် ၃၈၈၊ ချင်းကုန်း၊ ပုဏ္ဏားစုကျေးရွာ။**
- **ရွှေဘုံသာဘုရားဂေါပကအဖွဲ့၊ အုတ်တွင်းမြို့။**
- **မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ အုတ်တွင်းမြို့။**
- **အုတ်တွင်းမြို့ရိုးလေးကွက်သစ်မှ အပေါင်းအသင်းများ၊**
- **မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အုတ်တွင်းရဲစခန်းမှမိတ်ဆွေများ၊**
- **အုတ်တွင်းမြို့မရပ်ကွက်များမှ သူငယ်ချင်းများ၊**
- **အုတ်တွင်းမြို့ ကြက်သွန်ခင်း(၂)၊ ပဲခူးလမ်း၊ ဈေး၊ ကသစ်တန်း၊ မဲကုန်းရပ်ကွက်၊ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ။**

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ ၁နှင့်၅)
ရန်ကုန်တိုင်းတရားရုံး
၂၀၀၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၅၄၄

မအေးသန္တာ နှင့် ဦးဆန်နီ
တရားလို **တရားပြိုင်**

အမှတ်-၂၂၃/၂၂၅၊၄-လွှာ၊ဗိုလ်ဆွန်ပက်လမ်း၊ (၇)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့နေ တရားပြိုင် ဦးဆန်နီ(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုမအေးသန္တာက လင်မယားကွာရှင်းပြတ်စဲလိုကြောင်း လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍၊ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်းသည့် အချက်များကိုချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ၁၄ရက်(၁၃၆၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော်၂ရက်)မွန်းမတည့်မီ ၁၀နာရီအချိန် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၁၂ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။
ခင်မောင်ကြီး
တွဲဖက်တိုင်းတရားသူကြီး(၁၈)၊ ရန်ကုန်တိုင်းတရားရုံး။

အမည်ပြောင်း
ဦးသတိုးဟိန်းနှင့် ဒေါ်စိုးမာလာတို့၏ သားများဖြစ်ကြသော မောင်ပြည့်စုံထွင့်ခေါင်ဟိန်း(Grade(3J) Y.I.E.C)အား မောင်ပြည့်စုံဟုလည်းကောင်း၊မောင်အောင်စည်ထွင့်ခေါင်ဟိန်း (Grade (1°S) Y.I.E.C)အား မောင်အောင်စည်ဟုလည်းကောင်း၊ မောင်မိုးမြင့်ထွင့်ခေါင်ဟိန်းအား မောင်မိုးမြင့်ဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်။ **မောင်ပြည့်စုံ၊ မောင်အောင်စည်၊ မောင်မိုးမြင့်။**

ကန့်ကွက်နိုင်ပါသည်
ယာဉ်အမှတ် ၆ခ/၆၃၅၂ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်မိတ္တူပျောက် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင်ကြော်ငြာပါသည့် ရက်မှ ၁၅ အတွင်း ကညန၊ရန်ကုန်တိုင်း၊ခရိုင်ရုံး(အရှေ့ပိုင်း)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။ **ကညန၊ခရိုင်ရုံး(အရှေ့ပိုင်း)။**

ကျေးဇူးဆပ်ပါမည်
ဒေါ်မငယ်၏ ကားနံပါတ် ၁ခ/၃၇၉၄ အခွန်ပုံစံ(၁)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။ **ဒေါ်မငယ်**
ဖုန်း-၀၉ ၅၁ ၂၁၄၇၆။

တွံတေးမြို့ ရွှေဆံတော်ဘုရားလမ်းရှိ မိဘဂုဏ်ဘိုးဘွားရိပ်သာ အဘိုးအဘွားများ အာဟာရနှင့် ဆေးပဒေသာပင်အတွက် နှစ်ဖက်မိဘများအား ရည်စူး၍ တွံတေးမြို့ ကွမ်းခြံရပ်ကွက် ကံသာယာသုခလမ်းနေ ဦးညွန့်တင်-ဒေါ်စိန်စိန် မိသားစုက ငွေကျပ်ငါးသိန်းလှူဒါန်းရာ ဘိုးဘွားရိပ်သာ ဥက္ကဋ္ဌ ဦးထွန်းကြိုင်က လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (၃၈၀)

လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းလမ်းများကောင်းမွန်စေရေးအတွက် အဝေရာလမ်းသွယ်ကတ္တရာခင်းခြင်းလုပ်ငန်းကို ဇန်နဝါရီ ၁၂ ရက်က ဆောင်ရွက်ရာ မြို့နယ်အင်ဂျင်နီယာမှူး ဦးဝင်းဋ္ဌေးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်ကိုကိုတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။
(မြို့နယ်စည်ပင်)

ဇန်နဝါရီ ၂၉ ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ မြို့နယ်ဘက်စုံပညာထူးချွန်ဆုပေးအပ်ပွဲကျင်းပရာ မြို့နယ်ပညာရေးမှူးဦးမင်းစိန်က ဘက်စုံပညာထူးချွန်ပထမဆုရ အမက (၁) မူလတန်းလွန်မှ စတုတ္ထတန်းကျောင်းသူ မအေးချမ်းမိုးအား ဆုချီးမြှင့်စဉ်။
(ပညာရေး)

အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ အမျိုးသားညီလာခံ ခေတ္တရပ်နား၍ မိမိတို့ဌာနေပြန်ကြမည့် အမျိုးသားညီလာခံကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ကျင်းပခဲ့သည့် အမျိုးသားညီလာခံအား ယမန်နေ့နံနက်ပိုင်းမှ စတင်လျက် ခေတ္တရပ်နားထားခဲ့ရာ ယမန်နေ့ မွန်းလွဲပိုင်းမှစတင်ပြီး အမျိုးသားညီလာခံကိုယ်စားလှယ်များသည် မိမိတို့၏နေရပ်အသီးသီးသို့ ပြန်လည်ထွက်ခွာလျက်ရှိကြသည်။

အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ်ဗိုလ်ချုပ်လွန်းမောင်နှင့်အတူ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး သန်းဌေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးထိန်လင်းတို့သည် ယနေ့နံနက် ၆နာရီ ၄၅မိနစ်တွင် ညောင်နှစ်ပင်စခန်းရှိ ကျွေးမွေးဧည့်ခံရေးဆပ်ကော်မတီရုံးရှေ့သို့ ရောက်ရှိကြပြီး ရုံးရှေ့တွင် မိမိတို့၏ နေရပ်အသီးသီးသို့ ပြန်လည်ထွက်ခွာရန် စုစည်းရောက်ရှိနေကြသော အမျိုးသားညီလာခံကိုယ်စားလှယ်များအား တွေ့ဆုံ၍ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး နံနက် ၇နာရီတွင် ပြန်လည်ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့်အဖွဲ့ဝင်များ အမျိုးသားညီလာခံ ခေတ္တရပ်နားပြီး မိမိတို့၏ နေရပ်အသီးသီးသို့ ပြန်လည်ထွက်ခွာကြမည့် အမျိုးသားညီလာခံကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဖေဖော်ဝါရီလ ပထမ ၁၀ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

ရန်ကုန် ဖေဖော်ဝါရီ ၁

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ဘင်္ဂလားပင်လယ်အော်၌ အများအားဖြင့် သာယာမည်။

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တစ်ရက်ခန့် နေရာကွက်ကျား မိုးရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ အများအားဖြင့် သာယာမည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင်ဖြစ်မြဲအောက်လျော့နည်းနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ ဖြစ်မြဲခန့်သာရှိမည်ဟု သိရသည်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

❒ **မီးလောင်မှု လုံးဝမဖြစ်ပေါ်စေရေးအတွက် ရပ်ကွက်တိုင်း ပညာပေးဟောပြောပွဲများ ပြုလုပ်ပေးခြင်း၊ မီးသုံးစွဲမှုအား အခါမလပ်စစ်ဆေးလှုံ့ဆော်သတိပေးခြင်း၊ အသိပညာပေးခြင်း၊ အိမ်တိုင်း၊ အိမ်တိုင်းတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးပစ္စည်းများ အသင့်ထားရှိကြရမည်ဖြစ်ပါသည်။ ထို့အပြင် လူတိုင်းလူတိုင်း အချိန်တိုင်းတွင် မီးဘေးအန္တရာယ်ကို အသိတရားနှင့် သတိထားကာကွယ်ကြပြီး မီးလောင်မှုဖြစ်ပွားပါကလည်း သတ္တိရှိရှိ လက်ဦးမှုရယူ ဝိုင်းဝန်းငြိမ်းသတ်၍ မီးသတ်တပ်ဖွဲ့ဝင်များအား ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မီးဘေးအန္တရာယ်ဆိုးကြီးမှ ကာကွယ်တားဆီးနိုင်။**

မီးသတ်တပ်ဖွဲ့ဝင်တစ်ဦး၏ ဆောင်းပါး (စာ ၁၀)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ရေခဲဟိုတယ်

ရိုမေးနီးယားနိုင်ငံ ဘူခါရက်မြို့ အနောက်မြောက်ဘက် ကီလိုမီတာ ၃၀၀ အကွာ ဘာလေလက်ဒေသ၌ ရေခဲဟိုတယ်တစ်လုံး တည်ဆောက်ထားမှုကို တွေ့ရခြင်းဖြစ်သည်။ **(ယာပုံ)** (အဆိုပါဒေသသည် ပင်လယ်ရေမျက်နှာပြင်အထက် ၂၀၃၄ မီတာ၌ ရှိပြီး စကိတ်စီး အပန်းဖြေစခန်းတစ်ခု ဖြစ်သည်။)

အေအက်ဖ်ပီ

အီရတ်ကိုယ်ချင်းဆက်အမွှာ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ ဆေးရုံတစ်ရုံ၌ ကိုယ်ချင်းဆက်အမွှာကို ဇန်နဝါရီ၂၈ ရက်က တွေ့ရစဉ်။ **(ဝဲပုံ)**

(အဆိုပါ အမွှာကလေးများမှာ မိန်းကလေးတစ်ဦးနှင့် ယောကျ်ားလေး တစ်ဦးဖြစ်ပြီး ဇန်နဝါရီ ၂၅ရက်က မာတီမာအယ်ဇာဟာ ဆေးရုံ၌ မွေးဖွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။)

အေပီ